ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း၂ ရက်၊ တနင်္လာနေ့၊ (19-3-2007) (၅၂၆၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စက်ရုံအသီးသီး စက်စွမ်းအားပြည့်ထုတ်လုပ်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းမှုကိုပါ အထောက်အကူပြုလာနိုင်မည်

နိုင်ငံသားများ၏ စားရေး၊ နေရေး အဆင်ပြေအောင် ဆောင်ရွက်နေခြင်းဖြစ်သည်ကို သဘောပေါက်ပြီး မိမိတို့၏ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးကို စေတနာဖြင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန်လို

နေပြည်တော် မတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မတ် ၁၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့၌ကျင်းပသည့် တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ဖွင့်ပွဲအပြီးတွင် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)နှင့် မကွေးတိုင်းအတွင်းရှိ ဘိလပ်မြေနှင့် ဓာတ်မြေဩဇာစက်ရုံများ၊ ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ဆက်လက်သွားရောက် ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သည် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ စက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ရန် ရဟတ်ယာဉ်ဖြင့် နေပြည်တော်မှကျောက်ဆည်မြို့သို့ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ➪**

ဆောင်းပါး အညွှန်း

"အမျိုးသားရေး လိုအပ်ချက်များအရ သမိုင်းကြောင်းနှင့် ယှဉ်ပြီး တပ်မတော်အစိုးရ ပေါ်ပေါက်လာရခြင်းဟာ တိုင်းပြည်အုပ်ချုပ်ရေး ယန္တရားကြီးတစ်ခုလုံး လုံးဝရပ်တန့်သွားပြီး မင်းမဲ့စရိုက်ဖြစ်ပေါ်နေလို့ ပြည်သူလူထုတစ်ရပ်လုံး ကျီးလန့်စာစားဖြစ်နေရသည့် ဘဝကို ကယ်တင်ရန်နဲ့ နှောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအစိုးရ ဖော်ဆောင်ပေးရန်အတွက် ဖြစ်ပါတယ်။"

ရွှေနေတစ်ဦး၏ **"အမျိုးသားရေး လိုအပ်ချက်များအရ သမိုင်းကြောင်းနှင့်ယှဉ်တွဲပြီး တပ်မတော်အစိုးရ ဘာကြောင့်ပေါ်ပေါက် လာရပါသလဲ"** ဆောင်းပါး စာမျက်နှာ (၃)

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တော်ဝင်ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၉-၃-၂၀၀၇
(တနင်္လာနေ့)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ဝိုင်းဝန်းကြိုးပမ်း

ကမ္ဘာပေါ်ရှိလူသားများအပါအဝင် သက်ရှိအားလုံး ဆက်လက်ရှင်သန်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်နေရန်လိုအပ်သည်။ ကမ္ဘာ့နိုင်ငံတိုင်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှုမရှိစေရေး အလေးထား၍ သစ်တောသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပြုန်းတီးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်ကို ၁၉၉၀ ပြည့်နှစ်တွင် ဖွဲ့စည်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အစဉ်တစိုက် ဖော်ဆောင်လုပ်ကိုင်နေသည်။

သစ်တောရေးရာဝန်ကြီးဌာနက သစ်တောများ အစဉ်ရှင်သန်တိုးတက်စေရေးအတွက် ကြိုးဝိုင်းတော၊ ကြိုးပြင်တော ဇရိယာစတုရန်းမိုင်ခြောက်သောင်းနီးပါးကို ထိန်းသိမ်းကာကွယ်လျက်ရှိသည်။ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအပါအဝင် သစ်တောစိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးတည်ထောင်ခြင်း၊ သဘာဝနယ်မြေများ၊ ဘေးမဲ့တောများ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ ထူထောင်ခြင်းတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

ကချင်ပြည်နယ် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အင်းတော်ကြီးအိုင် ဘေးမဲ့တော၊ ချင်းပြည်နယ် နတ်မတောင် အမျိုးသားဥယျာဉ်၊ ဧရာဝတီတိုင်း မိန်းမလှကျွန်းဘေးမဲ့တော စသည်တို့သည် ဧရိယာကျယ်ပြန့်ပြီး ဇီဝမျိုးစုံမျိုးကွဲများစွာရှိသဖြင့် အလေးထား ထိန်းသိမ်းကြရမည်ဖြစ်သည်။

အင်းတော်ကြီးအိုင်သည် ဧရိယာစတုရန်းမိုင် နှစ်ရာကျော် ကျယ်ဝန်းပြီး ကန်အတွင်း ငါးနှင့် လိပ်မျိုးစိတ်ပေါင်း ၂၀၀ ကျော်၊ ကန်ပတ်လည်သစ်တောများအတွင်း၌ ငှက်မျိုးစိတ်ပေါင်း ၁၂၀ ကျော်ရှိသည်။ အင်းတော်ကြီးအိုင်ဘေးမဲ့တော တစ်ဝိုက်၌ ကျက်စားလေ့ရှိသော ဆင်၊ ကြံ့၊ ကျားကဲ့သို့သော ရှားပါးတိရစ္ဆာန်အချို့ မျိုးမသုဉ်းရေး အလေးထား ထိန်းသိမ်းကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ ရေ၊ မြေ၊ သဘာဝအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားတိုင်းနှင့် ဆက်စပ်သက်ဆိုင်သည်ဖြစ်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးက သစ်တောများ၊ ရှားပါးသော သားငှက်နှင့် တောရိုင်းတိရစ္ဆာန်များအပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို (၄၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး တံခွန်စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းလင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကမာရွတ်နှင့် အင်းစိန်မြို့နယ်တို့၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ကြရမည့် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်များနှင့် ကမာရွတ်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ပညာပေးခြင်းနှင့် မြို့နယ်ရပ်ကွက်များအလိုက် သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့်ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ကမာရွတ်မြို့နယ် အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်း၌ ကျန်းမာရေး ပညာပေးဟောပြောနေမှု၊ ဗဟိုလမ်းတစ်လျှောက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် (က/ခ)ရပ်ကွက်၌ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူမိခင် ဒေါ်အုန်းညွန့်နှင့် ဇနီးဒေါ်အေးမြင့် [ကျောင်းအုပ် ဆရာမကြီး(ငြိမ်း)]၏ (၆)နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်တိုင်း သန်လျင်မြို့ ဦးလှထွန်းလွင်လမ်းနေ ဦးစောတင် သား၊ သမီးမြေးမြစ်သားစုက ငွေကျပ် ၁၁၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယက အကျိုးဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆေးရုံအသင်းနှစ်ပတ်လည် အစည်းအဝေး ၂၀၀၆ကို ယနေ့ နံနက် ၁၀ နာရီခွဲက အဆိုပါဆေးရုံကြီး ရာဇဂြိုဟ်ဆောင် အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယကကြီးများ၊ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အဖွဲ့ဝင်များ၊ ဆေးရုံ အသင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာဥက္ကဋ္ဌက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အတွင်းရေးမှူး ဦးမောင်မောင်က နှစ်ပတ်လည်အစီရင်ခံစာတင်သွင်း၍ ဘဏ္ဍာရေးမှူး ဦးတင်လှက ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာ တင်သွင်းသည်။

ထို့နောက် တက်ရောက်လာသူများက နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းနှင့် ဆေးရုံအသင်း စည်းမျဉ်းပြင်ဆင်ခြင်းတို့ကို အတည်ပြုကြပြီး ၂၀၀၇ ခုနှစ်အတွက် စာရင်းစစ်ခန့်ထား၍ အစည်းအဝေးကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း သုံးထပ်ဆောင်အတွက် ပါဝင်လှူဒါန်းနိုင်

ရန်ကုန် မတ် ၁၈

ရန်ကင်း ပြည်သာယာ/ကျိုက္ကဆံ စူပါဝမ်း တာမွေလေး သံလမ်းအနီး ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်း၌ ဆေးဝါးကုသမှုခံယူသူ များပြားလာသဖြင့် ဓာတ်ခွဲခန်း၊ သွားအထူးကု အခန်းများ တိုးချဲ့နိုင်ရန်အတွက် သုံးထပ်ဆောင်အဖြစ် တိုးမြှင့်ဆောက်လုပ်လျက်ရှိရာ လိုအပ်သော ငွေကျပ် သိန်း ၁၀၀ အတွက် အလှူရှင်များ ပါဝင် လှူဒါန်းလိုပါက ရွှေပြည်ဟိန်း ကျောင်းဖုန်း-၅၄၁၄၉၃၊၀၉ ၅၁၀၂၁၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အပါယ်ပိတ်တရား ဗွီစီဒီခွေနှင့် စာအုပ်များစုပေါင်းလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၈

အပါယ်ပိတ်တရား ဗွီစီဒီခွေနှင့် စာအုပ်များစုပေါင်းလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းလှိုင်မြို့နယ် ၆ မိုင်ခွဲရှိ မြင့်မြတ်အလင်းရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် သန့်-တည်-ပွား ယောဂီ ဦးမြင့်ဆွေက တရားပြဆရာ ဦးမြင့်လွင်ဟောကြားသည့် အပါယ်ပိတ်တရားဗွီစီဒီခွေနှင့်စာအုပ်များ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူအချို့က အကြံပြုဆွေးနွေးကြသည်။

သန့်-တည်-ပွား ယောဂီ ဒေါ်ချိုချိုနှင့်အလှူရှင်များက ကြွရောက်လာကြသော ဧည့်ပရိသတ်များအား အပါယ်ပိတ်တရား ဗွီစီဒီခွေနှင့်စာအုပ်များကို ဝေငှလှူဒါန်းကြသည်။ အဆိုပါ အပါယ်ပိတ်တရား ဗွီစီဒီခွေ နှင့်စာအုပ်များကို မတ် ၁၇ရက်မှဧပြီ ၁၇ရက်အထိ တစ်လအတွင်း လှူဒါန်းမည်ဖြစ်ရာ မြင့်မြတ်အလင်းရိပ်သာ၌လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အပါယ်ပိတ်တရား ဗွီစီဒီခွေနှင့် စာအုပ်များကို ယောဂီများ၊ အလှူရှင်များက ဧည့်ပရိသတ်များအား ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသားရေးလိုအပ်ချက်များအရ သမိုင်းကြောင်းနှင့်ယှဉ်တွဲပြီး တပ်မတော်အစိုးရ ဘာကြောင့် ပေါ်ပေါက်လာရပါသလဲ

ရှေ့နေတစ်ဦး

ဒီမေးခွန်းကို ဘက်လိုက်မှုကင်းပြီး တွေးခေါ်မြော်မြင်မှု၊ ရင့်ကျက်မှုတွေနဲ့ ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်ချက်ချပြီး ဖြေကြည့်ကြစမ်းပါ။

ကျွန်တော်ဟာ စာရေးဆရာတစ်ယောက်မဟုတ်ပါ။ ယခုဆောင်းပါးကို ရေးသားရန်စိတ်ကူးရပြီး ဆုံးဖြတ်ချက်ချရခြင်းမှာ “ငါးမင်းဆွေ” ရဲ့ဆောင်းပါးကိုဖတ်ပြီး ၎င်းရဲ့မှန်ကန်သော တွေးခေါ်မြော်မြင်မှုကို နှစ်သက်၍ဖြစ်ကြောင်း ဦးစွာဖော်ပြလိုပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၁၉၈၈ခုနှစ်က အင်မတန်မှအရုပ်ဆိုးအကျည်းတန်တဲ့ အရေးအခင်း ပေါ်ပေါက်ခဲ့တာကို တွေ့မြင်ခဲ့ရသူတိုင်း ရှုထောင့်အစုံစုံကနေ ဝေဖန်သုံးသပ်ခဲ့၊ သုံးသပ်ဆဲ ဖြစ်ပါတယ်။ တကယ်တော့ ဒီအရေးအခင်းရဲ့ အဓိကအကြောင်းရင်းက စက်မှုတက္ကသိုလ်ကျောင်းသားနှင့် အရပ်သားတို့ရဲ့ ရန်ပွဲကနေ အုပ်ချုပ်ရေးအမြင်၊ တွေးခေါ်မြော်မြင်မှုအား နည်းပါးတဲ့ ရဲတွေနှင့် ရပ်ကွက်ကောင်စီတွေရဲ့ လုပ်နည်းလုပ်ဟန် မှားယွင်းမှုကြောင့်ဖြစ်ပါတယ်။ နောက်ပိုင်း တဖြည်းဖြည်းနဲ့ မသမာသူတွေရဲ့အရောင်ဆိုးမှုကြောင့် တစ်ပြည်လုံးပျံ့နှံ့သွားခဲ့ရပြီး နောက်ဆုံးမှာတော့ တိုင်းပြည်ရဲ့ အုပ်ချုပ်ရေးယန္တရားကြီး လုံးဝရပ်တန့်သွားခဲ့ရပါတယ်။ ဘယ်လောက်အထိ ဖြစ်ခဲ့သလဲဆိုရင် ထိုစဉ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပင်လျှင် တပ်အတွက်လိုအပ်တဲ့ စက်သုံးဆီ ရရှိရေးအတွက် သပိတ်ခေါင်းဆောင်တွေခန့်ထားတဲ့ ဦးတင်ဦးဆီက ခွင့်ပြုချက်ရယူ ခဲ့ရမလို ဖြစ်ခဲ့ရတယ်လို့ သိရပါတယ်။ နောက်ပိုင်းသပိတ်အဖွဲ့တွေရဲ့ ဝေစုမတည့် စားခွက်လုရင်း မင်းမဲ့စရိုက်တွေကို ထိန်းမနိုင်သိမ်းမရဖြစ်သွားတဲ့ အနေအထား ရောက်ရှိသွားခဲ့ရပြီး ပြည်သူလူထုအနေဖြင့် ကယ်သူမဲ့ပြီး အတိဒုက္ခရောက်နေချိန်မှာ အမြော်အမြင်ရှိတဲ့ တပ်မတော်ခေါင်းဆောင်ကြီးတွေရဲ့ ဆုံးဖြတ်ချက် မှန်ကန်မှုကြောင့် ပြည်သူအများ အသက်ရှူချောင်ခဲ့ရပါတယ်။ ဘယ်လောက်အထိဆိုးရွားခဲ့သလဲဆိုတာကို ဥပမာ တစ်ခုလောက် ပြောရမယ်ဆိုရင် တောမှာဓားပြလုပ်နေတဲ့ ဓားပြခေါင်းဆောင်က မြို့ပေါ်မှာတက်၊ သပိတ်ခေါင်းဆောင်လုပ်ပြီး မင်းမူနေတဲ့အထိပါပဲ။ ဒါ မော်လမြိုင်မြို့ပေါ်မှာ ဖြစ်ခဲ့တဲ့သာဓကပါ။ အလားတူ တစ်ပြည်လုံးမှာလဲဖြစ်ခဲ့ပါတယ်။

အရေးအခင်းကာလမှာ ရိုးသားတဲ့ပြည်သူ တွေ ဘယ်လောက်အထိ အရောင်ဆိုးခံခဲ့ရသလဲ ဆိုရင် ပထမပိုင်းကြွေးကြော်သံက “ရရင်ရ–မရရင်ချ” ဆိုပြီး ကြွေးကြော်လာရာက နောက်ပိုင်းမှာ“ရရ–မရရ–ချ” ဆိုပြီး ဖြစ်ခဲ့တယ်။ **အမှန်တကယ်ပြောရရင် ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ကို လူတိုင်းနားမလည်ခဲ့ပါဘူး။ ဒီနေ့အထိလည်း ဒီမိုကရေစီရဲ့အနှစ်သာရကို ဒီမိုကရေစီဘိုးအေလို့ပါးစပ်က အမြှုပ်ထွက်အောင်အော်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေတောင် သူတို့ကိုယ်တိုင် သေချာစွာနားလည်ခြင်း၊ ကျင့်သားရခြင်း မရှိသေးဘူးဆိုတာ ဝန်ခံရဲတဲ့သတ္တိ မမွေးနိုင်ကြသေးပါဘူး။**

နောက် အရေးအခင်းရဲ့ အဓိကအချက်တစ်ချက်ဖြစ်တဲ့ “ပါတီစုံ” ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကို လူတွေသိနားလည်ခဲ့ခြင်း လုံးဝမရှိခဲ့ပါဘူး။ သိရင်လည်း ဒီစကားလုံးကို ဘယ်လိုသုံးရမှန်း ဘယ်သူမှမသိခဲ့ကြပါဘူး။ မဆလဥက္ကဋ္ဌ ဦးနေဝင်းက ပါတီစုံစနစ်ကြိုက်သလား၊ တစ်ပါတီစနစ်ကြိုက်သလားဆိုတာကို မိန့်ခွန်းထဲ ထည့်သွင်းပြောကြားခဲ့မှသာ လူတွေတစ်ရေးနိုးပြီး သိခဲ့ရခြင်းဖြစ်တာကို ရိုးသားစွာဝန်ခံရဲတဲ့ တတ်သိနားလည်သော ပညာရှင်တွေ ဝန်ခံနိုင်အား ရှိကြပါစေ။

ဒီလိုနဲ့ တပ်မတော်အစိုးရတက်လာပြီး ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေ ဖွဲ့ဖို့ စတင်လုပ်တဲ့အချိန်မှာ မင်းမဲ့စရိုက်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေက လုံးဝပါဝင်ပတ်သက်လိုခြင်း မရှိပါဘူး။ ဒါကြောင့် ဒီနေရာမှာ ဘယ်သူတွေကို ရွေးချယ်တာဝန်ပေးခဲ့ရသလဲဆိုရင် ခေတ်စကားနဲ့ ပြောရရင် သုံးမရတဲ့ “သာကူး”တွေကို အတော်များများ ထည့်သွင်းအသုံးပြုခဲ့ရပြီး ဒီပုဂ္ဂိုလ်တွေကလည်း အစိုးရကိုတာဝန်ခံရမယ့်အစား သွယ်ဝိုက်ပြီး နောက်ဖေးချောင်ကနေ သပိတ်အဖွဲ့အမာခံတွေကို တာဝန်ခံနေခဲ့ပါတယ်။

ဒီလိုနဲ့ တပ်မတော်အစိုးရက နိုင်ငံရေးပါတီတွေ ဖွဲ့စည်းခွင့်ပြုခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အရှိန်အဝါကိုအသုံးပြုခဲ့တဲ့ NLD အပါအဝင် ပါတီပေါင်းနှစ်ရာကျော်ဖွဲ့စည်းခဲ့ပါတယ်။ ရန်ကုန်မြို့ပေါ်မှာ ပါတီဖွဲ့ခဲ့တဲ့ ရည်ရွယ်ချက်(ပါတီအတော်များများ)ကတော့ အစိုးရဆီက ဓာတ်ဆီဝယ်ယူခွင့်၊ တယ်လီဖုန်း တပ်ဆင်ခွင့်ရရေးအတွက် အချောင်နှိုက်လိုတဲ့ သဘောနဲ့ ပါတီဖွဲ့စည်းထူထောင်ခဲ့ခြင်းပါ။ ဒါကို ကျွန်တော်တို့နယ်မှာရှိတဲ့ လူတွေ လုံးဝမသိခဲ့ပါဘူး။ နိုင်ငံရေးပါတီဖွဲ့စည်းခွင့်ပြုပြီး ဝန်ထမ်းများ နိုင်ငံရေးပါတီနှင့် ကင်းရှင်းစွာနေဖို့ အစိုးရက အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ ဘယ်လောက်အထိ ကင်းကင်းနေခဲ့သလဲဆိုရင် အဆင့်မြင့်တပ်မတော်အရာရှိကြီးတွေ နယ်ကိုသွားတဲ့အခါ ယခင်ကလက်တွဲပြီး ရင်းနှီးစွာလုပ်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်တွေကို ခေါ်ပြောနှုတ်ဆက်ခြင်းတောင် မလုပ်ခဲ့ပါဘူး။ ဒါ ကျွန်တော့်ကိုယ်တွေ့ဖြစ်ရပ်ပါ။ ဒါပေမယ့်လို့ ဝန်ထမ်းအများစုအပါအဝင် ရ.ဝ.တအဖွဲ့တွေဟာ ထိုစဉ်ကအစိုးရကို တာဝန်ခံခြင်းမရှိဘဲ ပထွေးဖြစ်တဲ့နိုင်ငံရေးပါတီကို သွယ်ဝိုက်ပြီး သစ္စာခံခဲ့ကြပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ “ဒီမိုကရေစီ”ကိစ္စ အနည်းငယ်တင်ပြလိုပါတယ်။ လက်ရှိ တပ်မတော်အစိုးရသာ ဒီမိုကရေစီကျင့်စဉ်အတိုင်း တရားဥပဒေအရ အရေးယူဆောင်ရွက်မယ်ဆိုရင်၊ ရပ်ကွက်၊ ကျေးရွာတိုင်းမှာ အကျဉ်းထောင်တွေထားပြီး ဖမ်းဆီးချုပ်နှောင်အရေးယူမယ်ဆိုရင်တောင် အကျဉ်းထောင်လောက်မည်မထင်ပါ။ ဒီနေ့အစိုးရကို ကဖျက်ယဖျက်ပြောနေသူတိုင်းဟာ တစ်နည်းနည်းနဲ့ တည်ဆဲဥပဒေကို ချိုးဖောက်ပြီး အကြံအဖန် လုပ်ကိုင်စားသောက်နေကြသူများဖြစ်တာကို ၎င်းတို့ကိုယ်တိုင် အသိဆုံးဖြစ်ပါတယ်။

ဒီနေရာမှာ ဒီမိုကရေစီနိုင်ငံကြီးတစ်ခုရဲ့ ဒီမိုကရေစီကျင့်စဉ်တစ်ခုကို သာဓကအဖြစ် တင်ပြလိုပါတယ်။ အဲဒီနိုင်ငံကြီးမှာ ပုဂ္ဂလိကလက်နက်ကိုင်ဆောင်ခွင့်ကို တရားဝင်ခွင့်ပြုထားလို့ ပုဂ္ဂလိကပိုင်ဆိုင်တဲ့ လက်နက်သန်းပေါင်း ၂၂၀ ရှိပါတယ်။ လူတစ်ယောက် သေနတ်တစ်လက်ကိုင်ဆောင်ထားသလို ဖြစ်နေပါတယ်။ တချို့ကျောင်းသားလေးတွေ မိဘရဲ့သေနတ်ကို ယူကိုင်ပြီး ကျောင်းတွေမှာ ကောင်းဘွိုင်ဆန်ဆန်ပစ်ခတ်ကြလို့ အပြစ်မဲ့ ဆရာ ဆရာမတွေ၊ ကျောင်းသူ၊ ကျောင်းသားတွေ ထိခိုက်သေကျေကြရတဲ့သတင်းတွေ ပလူပျံနေပါတယ်။ စာရင်းအင်းဆိုင်ရာအစီရင်ခံစာတစ်ရပ်မှာ ဖော်ပြထားချက်အရ အဲဒီနိုင်ငံကြီးမှာ နှစ်စဉ်သေနတ်ပစ်ခတ်မှု တစ်သန်း ဖြစ်ပွားခဲ့တယ်။ လူ ၂၀၀၀၀ ပစ်ခတ်ခံရတယ်။ လူ ၁၀၀၀၀ ကျော် အဲဒီ သေနတ်တွေနဲ့ သေကြောင်းကြံစည်ခဲ့ကြပါတယ်။ ဤကဲ့သို့သော အခြေအနေမျိုး ကျွန်တော်တို့နိုင်ငံတွင် မရှိပါ။ ပုံတူကူးချပြီး လိုက်လုပ်လို့လဲ မရပါ။ အကောင်းအဆိုးအကျိုးအပြစ်ခွဲခြား စိစစ်နိုင်ရမှာဖြစ်ပါတယ်။ အဓိကဆိုလိုရင်းက ဒီမိုကရေစီဟာ ပို့ကုန်ပစ္စည်း မဟုတ်ကြောင်း သိရှိနိုင်ရန် တင်ပြခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၉၀ ပြည့်နှစ်က လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာတဲ့အခါ ပါတီကြီးတွေက သားပုပ်လေလွင့်မျိုးစုံပြောခဲ့ကြပါသေးတယ်။ နောက်ဆုံးကျမှ ရွေးကောက်ပွဲဝင်ပြီး ရွေးကောက်ပွဲအရည်အချင်း ပြည့်မီသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သူအများစုဟာ ခါတော်မီကိုယ်ကျိုးရှာရန် ရည်ရွယ်သူများဖြစ်ကြောင်း မိမိကိုယ်ကိုမိမိ အသိဆုံးဖြစ်ပါတယ်။ ကျွန်တော်လဲ မဲဆန္ဒနယ်တစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မှုကို အနည်းငယ်ရှင်းပြလိုပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်ပါက ရှုံးနိမ့်မည်ကို ကျွန်တော် ကြိုတင်သိရှိပါတယ်။

သိရက်နဲ့ ဘာကြောင့် ဝင်ပြိုင်ရတာလဲ၊ ဝင်ပြိုင်မှုကြောင့် ဘာတွေနစ်နာသွားသလဲ။ ဘာတွေနစ်နာသွားသလဲပြောရရင် မိန်းမ ရွှေသုံးကျပ်သား ရောင်းလိုက်ရပါတယ်။ ရှုံးမှန်းသိရက် ဘာကြောင့်ပြိုင်ရတာလဲဆိုရင် ယင်းမြို့နယ်မှာ လွှတ်တော်မဲဆန္ဒနယ် (၂)နယ်ရှိပြီး အမှတ်(၁)တွင် ၎င်းမြို့နယ်မှ ပါတီကြီး၏ မြို့နယ်ဥက္ကဋ္ဌက ဝင်ရောက်ပါတယ်။ ကျွန်တော်နဲ့ ရင်းနှီးသော မိတ်ဆွေဖြစ်သဖြင့် ၎င်းအား အမှတ်(၂)တွင် ဒေသခံ တစ်ဦးဦးကို ရွေးချယ်ရန်ပြောသောအခါ ၎င်းအနေဖြင့် မပြီးကြောင်း၊ ပါတီဗဟိုကော်မတီမှ ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြောပါတယ်။ ၎င်းကိုယ်တိုင်ပင်လျှင် ဒေသခံမဟုတ်ပါ။ ကျွန်တော်လဲ ဒေသမှာလူမရှိဘူးထင်လျှင် မသင့်တော်သဖြင့် ကျွန်တော် တစ်သီးပုဂ္ဂလအနေဖြင့် ဝင်ပြိုင်မည်ဖြစ်ကြောင်း စာရင်းတင်သွင်းလိုက်ပါတယ်။ ကျွန်တော်စာရင်းတင်သွင်းသည့် အချိန်အထိ ၎င်းမဲဆန္ဒနယ်အတွက် ဝင်ရောက်ယှဉ်ပြိုင်ရန်မည်သူတစ်ဦး တစ်ယောက်၊ မည်သည့်ပါတီမှ စာရင်းတင်သွင်းခြင်း မရှိခဲ့ပါ။ နောက်ပိုင်းကျမှ နာမည်ကြီးပါတီက အခြားပါတီတစ်ခု၏ ကိုယ်စားလှယ်ကို အမည်စာရင်းတင်သွင်းပြီး ရွေးကောက်ပွဲဝင်စေခဲ့ပါတယ်။ ကျွန်တော်လဲ နောက်ပိုင်း မိတ်ဆွေများရဲ့ စည်းရုံးမှုအရ နိုင်ငံရေးပါတီတစ်ခုရဲ့ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၎င်းနိုင်ငံရေး ပါတီက မဲဆန္ဒနယ်(၃)ခုပြည့်အောင် ကျွန်တော့်အား စည်းရုံးခဲ့ခြင်းဖြစ်ပြီး ရွေးကောက်ပွဲပြီးသည်နှင့် ကျွန်တော် ၎င်းပါတီမှ ချက်ချင်းနုတ်ထွက်ခဲ့ပါတယ်။

၎င်းပါတီကြီးမှ ၎င်းမဲဆန္ဒနယ်တွင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလစသည်တို့တွင် နည်းမျိုးစုံသုံးပြီး ရွေးကောက်ပွဲဥပဒေကို ချိုးဖောက်ခဲ့သော်လည်း တာဝန်ရှိသူများက သဘောထားကြီးစွာ ခွင့်လွှတ်ခဲ့သည်ကို ကာယကံရှင်များကိုယ်တိုင် သိကြပါတယ်။

ယနေ့အော်နေသည့် “ပြည်သူလူထုအများစုကရွေးချယ်တင်မြှောက်ထားသော” ဟူသည့် စကားလုံးကို ပုံဖော်မိစေရန် အနည်းငယ်တင်ပြလိုပါတယ်။ ၎င်းမဲဆန္ဒနယ်ရွေးကောက်ပွဲ အကြိုကာလတွင် ၎င်းတို့ကို မဲမထည့်ပါက သပိတ်အရေးအခင်းတွင် မည်ကဲ့သို့ဖြစ်သွားသည်ကို တွေ့သလားဟု ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ပါတယ်။ ကျေးရွာတစ်ရွာတွင် ၎င်းတို့၏ပါတီကြီး၏ ဆိုင်းဘုတ်တင်သည့်ညတွင်ပင် လုံးဝပျောက်သွားသဖြင့် ဤကဲ့သို့သောပါတီကြီး၏ဆိုင်းဘုတ် ပျောက်ရသလားဆိုပြီး ရဲစခန်းတွင် သွားရောက်တိုင်ကြားခဲ့ရာ ရဲစခန်းမှူးက ဖော်ထုတ်ရရှိပါက အရေးယူပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။ နောက်ပိုင်း ၎င်းတို့၏ ဆိုင်းဘုတ်ကို မနက်တင်ညနေဖြုတ် လုပ်ခဲ့ရသည့်နေရာပင်ရှိခဲ့ပါတယ်။ အချို့မဲရုံများဆိုရင် ရ.ဝ.တ လူကြီးများ၊ မဲရုံအကူများက ၎င်းပါတီ၏ သင်္ကေတများအသုံးပြုပြီး မဲရုံကိုစောင့်ပေးခဲ့ကြပါတယ်။ ခြုံ၍ပြောရရင် မတရားမှုပေါင်းစုံဖြင့် ၎င်းပါတီကြီး အနိုင်ရရှိရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ သို့သော် နောက်ဆုံး မဲစာရင်း ရေတွက်ပြီးသောအခါ တိုင်းရင်းသားပါတီတစ်ခုမှ ကပ်ပြီး အနိုင်ရသွားခဲ့ပါတယ်။ ဤကဲ့သို့ ပါတီကြီးရှုံးနိမ့်ရခြင်းမှာ ကျွန်တော့်ကြောင့်ဟု ၎င်းတို့က မကျေမနပ်ပြောဆိုကြသော်လည်း ကျွန်တော့်အနေဖြင့် ဥပဒေမဲ့လုပ်ရပ် လုံးဝလုပ်ခဲ့ခြင်း မရှိမှုကြောင့် ကျွန်တော့်အား မည်ကဲ့သို့မှ နှောင့်ယှက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။

သို့သော် ဤကဲ့သို့သော ပါတီကြီးတစ်ခု ဤဒေသတွင်သေချာပေါက်အနိုင်ရရန်ဖြစ်သော်လည်း ရှုံးနိမ့်မှုအပေါ် ချက်ချင်းမကျေမနပ်ဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်သို့ ပထမဆုံးအကြိမ် ကန့်ကွက်သော ပထမဆုံးအမှုတွဲအဖြစ် တင်သွင်းပြီး တရားရုံးတော်မှ စစ်ဆေးခဲ့ရပါတယ်။ ဤကဲ့သို့သော အနေအထား ဖြစ်ရခြင်းမှာ ဒေသခံပြည်သူလူထုကို ၎င်းပါတီကြီးရဲ့ ဂရုမစိုက်မှုရဲ့ ရလဒ်ဖြစ်ပြီး ၎င်းရလဒ်ကိုကျတော့ လက်မခံနိုင်ဘဲ ချက်ချင်းကန့်ကွက်ခဲ့ခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

အမှန်တကယ်ပြောရရင် ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ကို လူတိုင်းနားမလည်ခဲ့ပါဘူး။ ဒီနေ့အထိလည်း ဒီမိုကရေစီရဲ့အနှစ်သာရကို ဒီမိုကရေစီဘိုးအေလို့ ပါးစပ်က အမြှုပ်ထွက်အောင် အော်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေတောင် သူတို့ကိုယ်တိုင် သေချာစွာနားလည်ခြင်း၊ ကျင့်သားရခြင်း မရှိသေးဘူးဆိုတာ ဝန်ခံရဲတဲ့သတ္တိ မမွေးနိုင်ကြသေးပါဘူး။

မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဒေါ်လာ ၂၈ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

ဟန္နိုင်း မတ် ၁၇

ဗီယက်နမ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မဲခေါင်မြစ်ဝှမ်း တောင်ပိုင်းဒေသ ဖွံ့ဖြိုးရေးအတွက် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အမေရိကန်ဒေါ်လာ ၂၈ဘီလီယံရင်းနှီး မြှုပ်နှံမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအမည်ရှိ သတင်းစာက မတ် ၁၇ ရက်တွင် ရေးသားဖော်ပြသည်။

မဲခေါင်မြစ်ဝှမ်းတောင်ပိုင်း ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် ရန်ပုံငွေရရှိနိုင်ရန် နိုင်ငံတော် ဘတ်ဂျက်မှလည်းကောင်း၊ အစိုးရငွေချေးစာချုပ်များ ရောင်းချခြင်းမှလည်းကောင်းရရှိမည်ဖြစ်ကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသ၏ စီးပွားရေးတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ ပါဝင်မှုအချိုးအဆကို လျှော့ချကာ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာကဏ္ဍများကို တိုးတက်စေမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးအတွက် သယ်ယူပို့ဆောင်ရေး၊ ဆည်မြောင်းနှင့် ပညာရေးကဏ္ဍတို့တွင်လည်း အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်း ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဒေါင်ငွေ ၁၈၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့်)သုံးစွဲခဲ့ပြီးဖြစ်သည်။

မဲခေါင်မြစ်ဝှမ်းဒေသသည် ဟက်တာလေးသန်းကျယ်ဝန်းသည်။ ယင်းနယ်မြေ၏ လေးပုံသုံးပုံမှာ စိုက်ပျိုးနိုင်သောမြေနေရာဖြစ်သည်။မဲခေါင်မြစ်ဝှမ်းဒေသသည် ဗီယက်နမ်နိုင်ငံတွင် စိုက်ပျိုးရေးနှင့်ရေလုပ်ငန်း အဓိကလုပ်ကိုင်ရာနယ်မြေဒေသဖြစ်သည်။ ဗီယက်နမ်နိုင်ငံ ဆန်စပါးထုတ်လုပ်မှု၏ ထက်ဝက်ကို မဲခေါင်မြစ်ဝှမ်းဒေသမှ ထုတ်လုပ်ပေးသည်။ ***အင်တာနက်။***

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ဆူကာနိုဟက်တာလေဆိပ်ရှိ ဂါရုဒါလေယာဉ်များ ပြုပြင်ထိန်းသိမ်းရေး စက်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို မတ် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့သက်ကြီးရွယ်အိုဦးရေ နှစ်ဘီလီယံအထိ ရောက်ရှိလာမည်

ရောမ မတ် ၁၇

ကမ္ဘာ့သက်ကြီးရွယ်အိုဦးရေသည် ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ နှစ်ဘီလီယံအထိ ရောက်ရှိလာမည်ဟု ခန့်မှန်းရကြောင်း မတ် ၁၇ ရက် ကုလသမဂ္ဂအစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

သုံးဆတိုးလာမည်

အသက် (၆၀) အထက်ရှိ သက်ကြီးရွယ်အိုဦးရေသည် ယခုရာစုနှစ်ထက်ဝက်ခန့်၌ပင် သုံးဆတိုးလာမည်ဖြစ်ကြောင်း၊ ဖော်ပြပါကာလတွင် ရှိနိုင်သည့် ကမ္ဘာ့လူဦးရေ ၉ ဒသမ ၂ ဘီလီယံ၏ လေးပုံတစ်ပုံခန့်ရှိလိမ့်မည်ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကမ္ဘာ့လူဦးရေသည် လက်ရှိ ၆ ဒသမ ၇ ဘီလီယံရှိရာမှ လာမည့် ၄၃နှစ်တွင် နောက်ထပ် ၂ ဒသမ ၅ ဘီလီယံ တိုးလာနိုင်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လူဦးရေတိုးတက်မှု အများစုဖြစ်ပေါ်နိုင်သော ဒေသများမှာ ကမ္ဘာ့ဆင်းရဲသော နိုင်ငံများဖြစ်ကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို မတ် ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဖိလစ်ပိုင် လေကြောင်း လုပ်ငန်း ယခုနှစ်တွင် ပိုမိုတိုးတက်မည်

မနီလာ မတ် ၁၇

ဖိလစ်ပိုင်လေကြောင်း လုပ်ငန်းသည် ခရီးသွားလုပ်ငန်း တစ်ရပ်လုံး တိုးတက်လာခြင်းနှင့် ဈေးနှုန်းချိုသည့် လေယာဉ်စီးခတို့ကြောင့် ယခုနှစ်အတွင်း ခုနစ်ရာခိုင်နှုန်းအထိတိုးတက်လာနိုင်ကြောင်း ပြည်သူ့လေကြောင်း ဘုတ်အဖွဲ့ (စီအေဘီ)က တနင်္လာနေ့တွင် ပြောကြားသည်။

လေကြောင်းလုပ်ငန်း တိုးတက်မြင့်မားလာနိုင်သည့် အလားအလာများရှိနေပြီး ခုနစ် ရာခိုင်နှုန်းတိုးတက်လာနိုင်ဖွယ်ရှိသည်ဟု နိုင်ငံတကာ လေကြောင်းသွားလာရေးအဖွဲ့ (အေတီအေ)မှ ဒုတိယ အမှုဆောင် ညွှန်ကြားရေးမှူးဖြစ်သူ ပေါ်စီဘန်ကျူလာက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကူဝိတ်စီးတီးနှင့် တီဟီရန် လေကြောင်းခရီးစဉ် ပျံသန်းမည်

ကူဝိတ်စီးတီး မတ် ၁၇

ကူဝိတ်နိုင်ငံအခြေစိုက် ဂျာဇီယာ လေကြောင်းဌာနသည် ကူဝိတ်စီးတီးနှင့် အီရန်နိုင်ငံ တီဟီရန်မြို့ အကြား လေကြောင်းခရီးစဉ်များကို မတ် ၂၀ရက်မှစ၍ ပျံသန်းမည်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံပိုင် ကူနာသတင်းဌာနက မတ် ၁၆ ရက်တွင် သတင်း ထုတ်ပြန်သည်။

ဂျာဇီယာ လေကြောင်းဌာနသည် လေယာဉ်လက်မှတ်ခ ဈေးချိုချိုဖြင့် ပျံသန်းပေးနေသော လေကြောင်းဌာနဖြစ်သည်။

ဂျာဇီယာ လေကြောင်းဌာနသည် အိန္ဒိယ၊ အီရန်၊ အီဂျစ်၊ ဂျော်ဒန်၊ ဆီးရီးယား၊ လက်ဘနွန်၊ ဘာရိန်းနှင့် ဒူဘိုင်းတို့သို့ လေကြောင်းခရီးစဉ်များ ပျံသန်းလျက်ရှိသည်။

တီဟီရန် လေကြောင်းခရီးစဉ်သည် အဆိုပါ လေကြောင်းဌာနအတွက် နောက်ဆုံးဖွင့်လှစ်သည့် ခရီးစဉ်ဖြစ်သည်။ ***အင်တာနက်။***

ပြည်ပတပ်ဖွဲ့များ အီရတ်မှ ရုပ်သိမ်းရန် ပြင်သစ်ဝန်ကြီးချုပ်တိုက်တွန်း

ကင်းဘရစ်(မက်ဆာချူးဆက်) မတ် ၁၇

အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများသည် ၎င်းတို့၏ တပ်ဖွဲ့များကို အီရတ်နိုင်ငံမှ ၂၀၀၈ ခုနှစ်အတွင်း ရုပ်သိမ်းရန် ပြင်သစ်ဝန်ကြီးချုပ် ဗီလက်ပင်က သောကြာနေ့တွင် တိုက်တွန်းလိုက်သည်။ အီရတ်စစ်ပွဲကြောင့် အမေရိကန်နိုင်ငံ၏ သိက္ခာကျဆင်းကြောင်း ၎င်းက ဝေဖန် ပြောကြားသည်။

သေဆုံး

အီရတ်စစ်ပွဲကြောင့် လေးနှစ်ကာလအတွင်း အီရတ်ပြည်သူ ထောင်သောင်းချီ၍ သေဆုံးခဲ့ရကြောင်း၊အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၃၂၀၀ ကျော် သေဆုံးခဲ့ပြီး ပြဿနာဖြစ်နေသည့် အရှေ့အလယ်ပိုင်းဒေသတွင်အမေရိကန်၏ ဩဇာတိက္ကမ ကျဆင်းစေကြောင်း ၎င်းက ပြောကြားသည်။

အီရတ်စစ်ပွဲကြောင့် အနောက်အုပ်စု၏ သိက္ခာလည်း ညှိုးနွမ်းခဲ့ကြောင်း၊ အမေရိကန်နှင့် ဥရောပ အနေဖြင့် အခြားနိုင်ငံများမှ ပြည်သူလူထု၏ လေးစားချီးကျူးမှုခံယူနိုင်ရန်အတွက် သိက္ခာဆယ်သည့် ကြိုးပမ်းမှုများ ပြုလုပ်ရန် အချိန်ရောက်ပြီ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

အီဂျစ်တွင် ဓာတ်ငွေ့မီးပုံးပျံ ပျက်ကျ

ကိုင်ရို မတ် ၁၈

အီဂျစ်နိုင်ငံ လပ်ဇောမြို့၌ ကမ္ဘာလှည့်ခရီးသည်များလိုက်ပါလာသည့် ဓာတ်ငွေ့မီးပုံးပျံ သောကြာနေ့က ပျက်ကျရာ နိုင်ငံခြားသား ခုနစ်ဦးနှင့် အီဂျစ်နှစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း မီနာသတင်းဌာနက စနေနေ့တွင် သတင်းထုတ်ပြန်သည်။

လပ်ဇောမြို့သည် နိုင်းမြစ်၏ အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး ရှေးဟောင်းအီဂျစ်နိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာ နေရာများစွာကို လေ့လာကြည့်ရှုနိုင်သည်။ လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်ငွေ့မီးပုံးပျံ ပျက်ကျရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိသူများမှာ ပြင်သစ်လေးဦး၊ အမေရိကန်သုံးဦးနှင့် အီဂျစ်နှစ်ဦးတို့ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများအနက် ရှစ်ဦးမှာဒဏ်ရာပြင်းထန်ခြင်းမရှိကြောင်း၊ တစ်ဦးမှာမူဆေးရုံ၌ ဆေးဝါးကုသမှု ခံယူနေရဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

လပ်ဇောမြို့သည် ကိုင်ရိုမြို့တောင်ဘက် ကီလိုမီတာ ၆၈၀အကွာတွင် တည်ရှိသည်။ ***အင်တာနက်။***

မလေးရှားနိုင်ငံထုတ် ပရိုတွန် ဆေဗီးနှင့် ဂျင်း–၂ ကားအမျိုးအစားသစ်တို့ကို မတ် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံး ကျေးလက်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူများနှင့်အတူ ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိ ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်ရာတွင် ဒေသခံများက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် မတ် ၁၈

ကချင်ပြည်နယ် ရွှေကူမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၅ရက် နံနက် ၇နာရီတွင် ရွှေကူမြို့မှ မော်တော်ယာဉ်များဖြင့် ရွှေကူလေး ဇက်ဆိပ်ကမ်းသို့ရောက်ရှိကြပြီး ရေယာဉ်ဖြင့်ကူးဖြတ်၍ ကျောက်ကြီးဇက်ဆိပ်ကမ်းသို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ကြီး ဇက်ဆိပ်ကမ်းမှ ကျောက်ကြီး–မြို့လှ ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၈နာရီ ၄၅မိနစ်တွင် စစ်ကိုင်း–ကသာ–မြစ်ကြီးနား ခရိုင်ချင်းဆက်လမ်း အမှတ်(၃)မြို့လှ–ဆင်ဘိုလမ်းပိုင်း မိုင်တိုင်အမှတ်(၉၅/၁)အနီးရှိ ကသာ–ရွှေကူ –မြစ်ကြီးနားလမ်းဆုံသို့ရောက်ရှိကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)မြို့လှ–ဆင်ဘိုလမ်းပိုင်းအတိုင်း ဆက်လက်ထွက်ခွာကြရာ မိုင်တိုင်အမှတ်(၉၂/၁) အနီးရှိ စက်ယန္တရားဖြင့် လမ်းချဲ့ထွင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီ ၂၅မိနစ်တွင် ရွှေကူမြို့နယ် မိုင်တိုင်အမှတ်(၈၅/၄)ရှိ ပိန်းခွန်ယန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ကျောင်းခန်းမ၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပိန်းခွန်ယန်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွယ်အောန်က ကျေးရွာ၏ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံး ကျေးလက်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား ပြည်သူများနှင့်အတူ ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ နယ်မြေဒေသအသီးသီး တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်မှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီး ဒေသနေ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးကဏ္ဍများလည်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသခံ တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးရွာပြည်သူများအတွက် အဝတ်အထည်များကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား လည်းကောင်း၊ ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းအတွက် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးအား လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးပဒေသာပင် အလှူငွေကို တာဝန်ခံသူနာပြုဆရာမအားလည်းကောင်း အသီးသီးပေးအပ်ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာကြရာ မိုင်တိုင်အမှတ်(၈၂/၁)အနီးရှိ ရွှေကူမြို့နယ်နှင့် မြစ်ကြီးနား မြို့နယ် နယ်နိမိတ်နေရာသို့ ရောက်ရှိကြပြီး တံတားဆောက်လုပ်မည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှ ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ်(၇၂/၄)သို့ ရောက်ရှိပြီး ဧရာဝတီမြစ်ရေကြီးပါက ရှောင်ကွင်းသွားလာနိုင်မည့် လမ်းကြောင်းသစ် ဖောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၁နာရီတွင် မံကင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိကြပြီး ကျေးလက်ကျန်းမာရေးဌာန ဧည့်ခန်း၌ ခရိုင်ချင်းဆက် လမ်းအမှတ်(၃)စစ်ကိုင်း–ကသာ–မြစ်ကြီးနားလမ်း၏ ကသာ–မြို့လှ–ဆင်ဘိုအပိုင်း ဖောက်လုပ်မှုအခြေအနေများကို နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးသက်ဝေက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မံကင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မံကင်းကျေးရွာအခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမတို့အား ဒေသ၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေးအခြေအနေများကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြင်သာကျေးရွာအနီးရှိ မြင်သာချောင်းသို့ ရောက်ရှိကြပြီး တံတားဆောက်လုပ်ရေးအတွက် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဗိုလ်မှူးကြီးသက်ဝေက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆင်ဘိုမြို့၌ အသစ်တည်ဆောက်လျက်ရှိသော (၁၆)ခုတင်ဆံ့ဆေးရုံသို့ရောက်ရှိကြရာ နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးကျော်ဝင်းနိုင်က ဆင်ဘိုဆေးရုံနှင့် မံကင်းကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံသစ်ဆောက်လုပ်မှုအခြေအနေနှင့် မြို့တွင်းလမ်းကို ကျောက်စရစ်ခင်းလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆေးရုံကို စံချိန်စံညွှန်းနှင့်အညီတည်ဆောက်ရေး၊ ဆေးရုံဝင်းအတွင်း နှစ်ရှည်ပင်များဖြစ်သည့် သရက်၊ ပိန္နဲ၊ လိုင်ချီး၊ ထောပတ်ပင်များ စိုက်ပျိုးရေးတို့ကို မှာကြားပြီး တည်ဆောက်ဆဲဆေးရုံ ပင်မဆောင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဆင်ဘိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်က ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် မိမိသည် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့သို့ အကြိမ်ကြိမ်လာရောက်ခဲ့ပြီး နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ဆင်ဘိုမြို့သည် ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်ရ၍ များစွာဝမ်းမြောက်ကြောင်း၊ ဆင်ဘိုမြို့သည် ယခင်က မြစ်ကြောင်းကိုသာ အားထားသွားလာခဲ့ရာမှ ယခုအခါ ရွှေကူ၊ ကသာ၊ ဗန်းမော်၊ ဟိုပင်၊ မြစ်ကြီးနားမြို့များသို့ ကုန်းလမ်းခရီးဖြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၃)ကို ဇဟိုပြု၍ အလွယ်တကူ သွားလာနိုင်ပြီဖြစ်ရာ ပတ်ဝန်းကျင် နယ်မြေဒေသအသီးသီးတို့၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ မြို့ကိုလည်း အင်္ဂါရပ်နှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူတို့က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် နှစ်ရှည်စားသုံးပင်များအပါအဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ တိုးတက်ရေးအတွက် ဖိဖိစီးစီးဆောင်ရွက်ကြစေလိုကြောင်း၊ ဌာနဆိုင်ရာများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် တိုးတက်အောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်ဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆင်ဘိုဒေသမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့အတွက် ဝတ်စုံများကို သက်ဆိုင်ရာ အသင်းအဖွဲ့ကိုယ်စားလှယ်များသို့ လည်းကောင်း၊ ဆင်ဘိုဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကို ဆေးရုံအုပ် ဒေါက်တာဦးတင်သက်ဝေဖုန်းသို့ လည်းကောင်း၊ ဆင်ဘိုဒေသမှ ပညာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေကို ဆရာမများအား လည်းကောင်း အသီးသီးပေးအပ်ပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၃) မြို့လှ–ဆင်ဘိုလမ်းပိုင်းတွင် စက်ယန္တရားဖြင့် လမ်းချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆင်ဘိုမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ် ကိုယ်စား အလယ်တန်းပြဆရာမ ဒေါ်ဟန်နီထွန်းက ရှင်းလင်းတင်ပြသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းအဆောက်အအုံနှင့် သင်ကြားရေးအပိုင်းများကို ပြည့်စုံစွာ ဖြည့်ဆည်းထားပြီးဖြစ်ရာ ကျောင်းသား ကျောင်းသူများကို ဘက်စုံပညာရည်ထူးချွန်ထက်မြက်သော လူ့စွမ်းအား အရင်းအမြစ်များအဖြစ် ပေါ်ထွန်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန်နှင့် အောင်ချက်မြင့်မားအောင် ဝိုင်းဝန်းကြိုးပမ်းသင်ကြားပို့ချရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆင်ဘိုမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် အောင်မြင်ရေးအတွက် ဒို့တာဝန်အရေး(၃)ပါး ဦးထိပ်ထားကာ ဝိုင်းဝန်းဆောင်ရွက်ကြရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ပင်၊ စက်မှုကုန်ကြမ်းသီးနှံ၊ ရော်ဘာ အပါအဝင် ထောပတ်၊ တညင်း၊ သရက်စသော စားသုံးပင်များပါ စိုက်ပျိုးကြရေး မှာကြားသည်။

ဆက်လက်၍ တပ်ရင်းအနီးရှိ နန့်ရင်းချောင်းသို့ သွားရောက်ပြီး ရေလွှဲဆည်ပြုပြင်မွမ်းမံရေး၊ ဆည်ရေကို အကျိုးရှိစွာ အသုံးပြု၍ နှစ်ရှည်သီးနှံများနှင့် စပါးစိုက်ပျိုးရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဂရင်းရွိုင်ရယ် စပယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd က အဓိကကူညီပံ့ပိုးသော Grand Royal Special Reserve Golf Championship 2007 Fourth Qualify Round ၏ လက်ရည်စစ်ပြိုင်ပွဲကို မတ် ၂၂ရက်နှင့် ၂၃ရက်တို့တွင် ရန်ကုန် ဂေါက်ကလပ် (ဒညင်းကုန်း)၌ကျင်းပမည်ဖြစ်ရာ ယင်းပြိုင်ပွဲမှ အကောင်းဆုံးရိုက်ချက် ဂေါက်သီးအားကစားသမားငါးဦးတို့အား ရွေးချယ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စိန့်အင်ဒရူးဥပဒေ (ST.ANDREWS) နှင့်ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးသွားမည်ဖြစ်ပြီး ပြိုင်ပွဲကိုအချက်အကျောပေးပြိုင်ပွဲ SYSTEM (36) ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ၏အဓိက ပံ့ပိုးသူ Main Sponsor မှာ International Beverages Trading Co., Ltd ဖြစ်၍ ကူညီပံ့ပိုးသူ Co-Sponsors များအဖြစ် Air Mandalay, Hotel Nikko, Srixon, Alpine Purified Drinking Waterတို့ကလည်း ထပ်မံပံ့ပိုးကူညီကြမည်ဖြစ်ပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Managementက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက်အားကစားသမားများသည် လူဦးရေကန့်သတ်မှုရှိသဖြင့် မတ် ၂၀ရက် ညနေ၄နာရီနောက်ဆုံးထား၍ ဖုန်း–၇၂၃၂၂၁၊ ၅၄၂၉၈၉နှင့် ရန်ကုန်ဂေါက်ကလပ်သို့ ဆက်သွယ်အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်ခရိုင် ခြံစည်းရိုးကြက်ဆူပင်ပျိုးခင်း ကြည့်ရှုစစ်ဆေး ပြည်နယ်နှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၆ ရက် နံနက် ၈နာရီ ၄၅မိနစ်တွင် မော်တော်ယာဉ်များဖြင့် တာချီလိတ်မြို့မှ ထွက်ခွာလာကြရာ ကျိုင်းတုံ–တာချီလိတ် ကားလမ်းဘေးရှိ တာချီလိတ်ခရိုင်၏ ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀၀ ပျိုးခင်းအတွင်း ပျိုးပင်များပျိုးထောင်ထားမှုနှင့် လက်ဖက်ပျိုးခင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်နှင့်အဖွဲ့သည် တာချီလိတ်–မိုင်းဖြတ်–ကျိုင်းတုံ လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မိုင်းဖြတ်မြို့ နယ်မြေခံတပ်ခန်းမဆောင်၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းဖြတ်နှင့် တာချီလိတ်ခရိုင်များ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကုမ္ပဏီများက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့်လမ်းများ၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ လမ်းများနှင့် တံတားများ ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ ဆက်လက် ဆောင်ရွက်ရန် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လမ်းများ ခင်းခြင်း၊ တံတားများ တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် သတ်မှတ်ချိန်အမီ ပြီးစီးရေး မှာကြားသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၁၉၈၈ ခုနှစ် မတ်လမှ ၂၀၀၆ ခုနှစ် မတ်လအထိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၁၉၈၈ခုနှစ် မတ်လကုန်အထိ မြေအမျိုးအစား၊ ကတ္တရာ၊ ကျောက်၊ အမာခံမြေများဖြင့် စုစုပေါင်း ၇၀၆မိုင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၆ခုနှစ် မတ်လကုန်အထိ ၈၂၁ မိုင် ဆောင်ရွက်နိုင်ခဲ့သဖြင့် တိုးတက်မှုလမ်းမိုင်မှာ ၁၁၅မိုင် ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တာဝန်ရှိသူများအား လမ်းတံတားများ၏ ကြံ့ခိုင်မှု လုပ်ငန်းများကို မိုးမကျမီနှင့် မိုးကျပြီးအချိန်တို့တွင် ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မိုင်းဖြတ်ခရိုင် မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာအုပ်စု ဝမ်းယမ်းကျေးရွာ အနီး နမ့်ပန်ချောင်းကိုဖြတ်၍ မိုင်းဖြတ်–မိုင်းခုတ်လမ်းပိုင်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်မည့် နမ့်ပန်ချောင်းဖြတ်ပေ ၈၀ ဘေလီတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးက အကျယ် ၁၂ပေရှိ နမ့်ပန်ချောင်းဖြတ်ပေ ၈၀ ဘေလီတံတား တည်ဆောက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီးဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသခံဝမ်ပုံကျေးရွာအုပ်စု ဝမ်းယမ်းကျေးရွာ ပြည်သူများအား တွေ့ဆုံကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် တာချီလိတ်–မိုင်းဖြတ်–ကျိုင်းတုံ လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းဘေးဝဲ၊ယာ၌ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသော နွေစပါး စိုက်ခင်းများနှင့် လမ်း၊ တံတားအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်ခရိုင်၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးခင်းတွင် ပျိုးပင်များပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရေကူးအသံလွှင့်စက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအသံလွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲ ၁နာရီခွဲတွင် ရေကူးအသံလွှင့်စက်ရုံသို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အသံလွှင့်စက်ရုံ အစည်းအဝေးခန်းမ၌ အင်ဂျင်နီယာချုပ် ဦးတင်ဝမ်းက ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်နေမှု၊ စက်ရုံ၏ လုံခြုံရေး ဆောင်ရွက်ထားရှိမှု၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှု၊ စက်ရုံဝန်ထမ်း မိသားစုများ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှု၊ စက်ရုံသစ်အတွင်း လေအေးပေးစက်များ တပ်ဆင်ပြီးစီးမှု၊ ရေကူးအသံလွှင့်စက်ရုံရှိ စက်များ၏ လက်ရှိအခြေအနေနှင့် ထပ်မံဝယ်ယူတပ်ဆင်မည့်စက်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ရေကူးအသံလွှင့်စက်ရုံ၌ လက်ရှိ အသုံးပြုလျက်ရှိသော စက်အဟောင်းများနှင့် ထပ်မံဝယ်ယူတပ်ဆင်မည့် လွှင့်စက်ပစ္စည်းအသစ်များကို ပေါင်းစပ်ပြီး တစ်နိုင်ငံလုံး ရေဒီယိုဖမ်းယူနိုင်မှု (Cover) ဖြစ်အောင် ဆောင်ရွက်မည့် အစီအစဉ်အပေါ် အသေးစိတ် ပြန်လည်ဆွေးနွေးပြီး လိုအပ်ချက်များကို ဖြည့်စွက်မှာကြား၍ အသံလွှင့်စက်ရုံလုံခြုံရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး စက်ရုံဝန်ထမ်းများကလည်းလိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိရေး၊ မီးဘေးလုံခြုံရေးစီမံချက်အတိုင်း ဇာတ်တိုက်လေ့ကျင့်မှုများအပြင် မီးဘေးကြိုတင် ကာကွယ်တားဆီးရေးအတွက် လိုအပ်သည့် ဒေသန္တရအမိန့်များထုတ်ပြန်ခြင်း၊ တာဝန်ရှိသူများက ရှင်းလင်းကြပ်မတ်ခြင်းတို့ ဆောင်ရွက်ရေး၊စက်ရုံအတွင်း မြေလွတ်မြေလပ်များတွင် စိုက်ပျိုးရေးတိုးချဲ့ဆောင်ရွက်ရန် အရာရှိတစ်ဦးကို သီးခြားတာဝန်ပေးအပ်ဆောင်ရွက်ရေး၊ စက်ရုံဝင်းအတွင်း တူးဖော်ထားသော ကန်နှစ်ကန်၌ ငါးမွေးမြူရေးစီစဉ်ဆောင်ရွက်ရန် စသည်တို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရေဒီယိုအသံလွှင့် စက်ခန်းကို လည်းကောင်း၊ စက်ရုံဝင်းအတွင်း စိုက်ပျိုးထားရှိသည့် သီးနှံစိုက်ခင်းများကိုလည်းကောင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးတားလမ်းများဆောင်ရွက် ထားရှိမှုနှင့် မီးကြိုးရှို့ထားမှုများကို လည်းကောင်း၊ ငါးမွေးမြူရေးကန်တူးဖော်ထားရှိမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားကာ ညနေပိုင်းတွင် ရေကူးအသံလွှင့်စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မန္တလေးအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၈

မန္တလေးအသင်း(ရန်ကုန်)၏ အကြိမ် (၃၀)မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး၊ ပညာရည်ချွန် ဆုပေးပွဲ၊ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် အသင်းသားအသင်းသူများအား ဂုဏ်ပြုပွဲနှင့် မန္တလေးချမ်းသာကြီးဆန်လှူအသင်းအတွက်ဆွမ်းဆန်တော်အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီတွင် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း (ရန်ကုန်)ရှိ ရတနာပုံခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မန္တလေးအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးမြသောင်း (Jewel Hotel) က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက နှစ်ပတ်လည် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြသည်။

ယင်းနောက်အသင်းဥက္ကဋ္ဌက မန္တလေးချမ်းသာကြီး ဆန်လှူအသင်းအတွက် အလှူငွေကျပ် သိန်း ၂၀ကို ပေးအပ်လှူဒါန်းရာ မန္တလေးချမ်းသာကြီးဆန်လှူအသင်း တွဲဖက်အတွင်းရေးမှူးနှင့် အမှုဆောင်တို့က လက်ခံကြသည်။

ဆက်လက်၍ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသူများကို ဆုများပေးအပ်သည်။ ထို့နောက် မန္တလေးအသင်း (ရန်ကုန်)အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တစတိလအား ပုနောပသမ္ပဒ အဘိဝိဇာတမင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာသဘင်တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ အမှူးပြုသည့် အလှူရှင်များက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

အောင်စေတီ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစတိလအား ပုနောပသမ္ပဒ အဘိဝိဇာတမင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပ

ရန်ကုန် မတ် ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ် ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်မြို့ အင်းစိန်မြို့နယ် (၁၀)မိုင် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစတိလအား ပုနောပသမ္ပဒ အဘိဝိဇာတမင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ယနေ့နံနက် ၈နာရီတွင် အဆိုပါကျောင်းတိုက်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ အမှူးပြုသော ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပူဇော်ပွဲဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အောင်စေတီ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစတိလအား ပုနောပ သမ္ပဒ ကံဆောင်ခြင်း သိက္ခာထပ် မင်္ဂလာအခမ်းအနားကို ဝိပုလ္လကာရီ သိမ်တော်ကြီး၌ ကျင်းပပြီး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့ အမှူးပြုသည့် အလှူရှင်များက ဆရာတော် သံဃာတော်များအား သိမ်ဆင်းလောင်းလှူကြသည်။

ထို့နောက် အဘိဝိဇာတမင်္ဂလာနှင့် ဂုဏဝိသိဋ္ဌပူဇာသဘင်ကို ဓမ္မာရုံတော်ကြီး၌ဆက်လက်ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် သာသနာ့အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် မဟာဌာနမှူး ဒေါက်တာ ဘဒ္ဒန္တ ပဝရာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက သမ္ဘောဒနီယ ဩဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး အပူဇော်ခံ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစတိလ၏ ထေရုပ္ပတ္တိကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဓမ္မစာပေ ပြန့်ပွားရေး အယ်ဒီတာအဖွဲ့ဝင် တစ်ဦးက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင်များက အပူဇော်ခံ ဆရာတော်အား ဧကပိုဒ်ရတုဖြင့်လည်းကောင်း၊ တေးထပ်ဖြင့်လည်းကောင်း၊ ထေရုပ္ပတ္တိ ဂီတဉ္စလီဖြင့် လည်းကောင်း သီကျူးပူဇော်ကြသည်။

ယင်းနောက် အပူဇော်ခံ ဆရာတော်အား အလှူရှင်များကိုယ်စား Forever Group မှ ဦးဝင်းမော်က အလှူတော်ငွေကျပ် သိန်းတစ်ရာကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကိုယ်စား သာသနာ့အကျိုးတော်ဆောင် ဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ဦးဝင်းမော်နှင့် ဇနီး ဒေါ်ခင်ခင်လေး၊ Golden Shell မှ ဦးကြီးစိန်-ဒေါ်ခင်ခင်မြင့် မိသားစု၊ J Bon Coffee မိသားစုနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အောင်စေတီဆရာတော်၏ ဂုဏဝိသိဋ္ဌပူဇာ အထိမ်းအမှတ်အဖြစ် အလှူရှင်များကိုယ်စား သာသနာ့အကျိုးတော်ဆောင်ဥက္ကဋ္ဌက နာရေးကူညီမှုအသင်းသို့ အလှူငွေကျပ် ၁၂ သိန်းကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသက ဂုဏဝိသိဋ္ဌသဘင် ဩဝါဒကထာနှင့် ရေစက်ချတရားတို့ကို ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဦးသုန္ဒရ (ရွှေစက်တော်) တရားစခန်းကျင်းပမည်

ရန်ကုန် မတ် ၁၈

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံ မြောက်/အနောက်ရပ်ကွက် ရွှေစက်တော်ကျောင်းမှ မိုးကုတ်ဓမ္မကထိက ဦးသုန္ဒရ (ရွှေစက်တော်) အရှင်သူမြတ်သည် ကော့သောင်းမြို့ တောင်ပေါ်ကျောင်း၌ ဆရာတော် ဦးအဂ္ဂသာရ၏ ဩဝါဒခံယူ၍ တန်ခူးလဆန်း ၉ရက်မှ ၁၅ရက်အထိ ကျင်းပမည့် ခုနစ်ရက်တရားစခန်းပွဲတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

❍ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ရွေးကောက်ပွဲရလဒ်မှာ ထိုစဉ်ကအရေးအခင်းအရှိန်အဝါကြောင့် လူပုဂ္ဂိုလ်မဆိုထားဘိ သက်မဲ့ပစ္စည်းတစ်ခုကိုငှင်းပါတီဘက်မှဟု အမည်ခံစေပါကလည်း အများစုနိုင်မည့်အနေအထား ဖြစ်ခဲ့ပါတယ်။ ဤသို့ဖြစ်ရခြင်းမှာ ပြည်သူလူထုအများစု၏ နိုင်ငံရေးမရင့်ကျက်မှု၊ အာဏာပိုင်အဖွဲ့အပေါ် မနာလိုမှု၊ ယခင် မဆလပါတီ၏ အရည်အချင်းညံ့ဖျင်းသူများကို ခေါင်းဆောင်တင်မြှောက်ခဲ့မှု၊ မဆလပါတီနှင့် အုပ်ချုပ်ရေးအဖွဲ့ကြား လွန်ဆွဲနေမှု၊ ဥပဒေရေးရာကိစ္စများ ဖြေရှင်းဆောင်ရွက်ရာ၌ အခြေအနေနှင့်အချိန်အခါ မသုံးသပ်တတ်မှုတို့ကြောင့် ဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။

အမျိုးသားရေးလိုအပ်ချက်များအရ သမိုင်းကြောင်းနှင့်ယှဉ်တွဲပြီး တပ်မတော် အစိုးရ ပေါ်ပေါက်လာရခြင်းဟာ တိုင်းပြည်အုပ်ချုပ်ရေးယန္တရားကြီးတစ်ခုလုံး လုံးဝရပ်တန့်သွားပြီး မင်းမဲ့စရိုက်ဖြစ်ပေါ်နေလို့ ပြည်သူလူထုတစ်ရပ်လုံး ကျိုးလန့်စာစား ဖြစ်နေရသည့်ဘဝကို ကယ်တင်ရန်နဲ့ နောင်အလားတူကိစ္စမျိုး မပေါ်ပေါက်စေရန် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအစိုးရ ဖော်ဆောင်ပေးရန်အတွက် ဖြစ်ပါတယ်။ ဤကဲ့သို့သော အခြေအနေမျိုးအတွက် ခေတ်ကာလတိုင်းတွင် တပ်မတော်သည် အမျိုးသားရေးလိုအပ်ချက်အရ သမိုင်းကြောင်းနှင့် ယှဉ်တွဲပြီး ပေါ်ပေါက်လာရမည့် အစိုးရဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

[ကျွန်တော်ဟာ တပ်မတော်သားမဟုတ်သလို ဤဆောင်းပါးကို မည်သူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခု၏ တိုက်တွန်းချက်ကြောင့် ရေးခြင်းမဟုတ်ဘဲ လွတ်လပ်သောဆန္ဒဖြင့် ရေးသားခြင်းဖြစ်ကြောင်း ဝန်ခံပါတယ်။ ဤဆောင်းပါးကို ပကတိဖြစ်ရပ်ထက် လွန်စွာလျှော့ပေါ့ရေးသားထားခြင်းဖြစ်ပါကြောင်း။]

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြန်မာ့မီးရထားစက်ခေါင်းစက်ရုံ(အင်းစိန်)တွင် စက်ခေါင်းသစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အင်းစိန်စက်ခေါင်းစက်ရုံနှင့် မြို့ပတ်ဒီဇယ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၈

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ယမန်နေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြန်မာ့မီးရထား စက်ခေါင်းစက်ရုံ (အင်းစိန်)သို့ ရောက်ရှိပြီး စက်ခေါင်းသစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးသည် ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့်အတူ အထွေထွေမန်နေဂျာ(စက်ရုံ) ဦးစောဗယ်လင်တိုင်းနှင့် အရာထမ်းများအား စက်ရုံအစည်းအဝေးခန်းမ၌ တွေ့ဆုံရာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ပေးရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့မီးရထားအနေဖြင့်လည်း အစွမ်းကုန် ကြိုးပမ်းထမ်းဆောင်ပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုကို အရေအတွက်ရော၊ အရည်အချင်းပါ မြှင့်တင်ပေးရမည်ဖြစ်ရာ အင်းစိန်စက်ရုံသည် လက်ရှိ စက်ခေါင်း မွမ်းမံပြင်ဆင်မှု လုပ်ငန်းသာမက စက်ခေါင်းတည်ဆောက်ရေး ကဏ္ဍသစ်တစ်ရပ်ကိုပါ တိုးချဲ့ဆောင်ရွက်လျက် သမိုင်းကဏ္ဍသစ်ကို ဖွင့်လှစ်ရန်ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် အစပျိုးဆောင်ရွက်ပြီး တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ထုတ်လုပ်ရာတွင် အရည်အသွေးကိုပါ ဂရုပြုသွားပြီး အစဉ်ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

စီးနင်းကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် အသစ်ဆောက်လုပ်ပြီးစီးသော စက်ခေါင်းကို စက်ရုံအတွင်း၌ စမ်းသပ်မောင်းနှင်သည်ကို စီးနင်းကြည့်ရှုခြင်း၊ စက်ခေါင်းအင်ဂျင်ခန်းနှင့် လျှပ်စစ်ထိန်းချုပ်မှုအစိတ်အပိုင်း၊ အရန်စက်ငယ်ပိုင်းတို့ကို အသေးစိတ်ကြည့်ရှုပြီး စက်ခေါင်းသစ်တည်ဆောက်မှု မှတ်တမ်းများထားရှိရေး၊ အတွေ့အကြုံများကို သင်ခန်းစာယူ၍ ထုတ်လုပ်မှု တိုးတက်စေရန် ဆောင်ရွက်ရေး၊ ခြိုးခြံချွေတာရေးနှင့် ဝန်ဆောင်မှု ကောင်းမွန်ရေးတို့ကို မှာကြားသည်။

တွဲဆိုင်းများစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မြို့ပတ် ဒီဇယ်စက်ရုံသို့ သွားရောက်ပြီး မကြာမီဖွင့်လှစ်မည့် နေပြည်တော်-မော်လမြိုင် ရထားလမ်းပိုင်းတွင် အသုံးပြုမည့် ရထားတွဲဆိုင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပစ္စည်းအလေအလွင့်၊ အချိန်အလေအလွင့်၊ လုပ်အားအလေအလွင့်များမရှိစေရန် ကြပ်မတ်ကွပ်ကဲ မိမိတို့စက်ရုံရှိ စက်ပစ္စည်းများ ရေရှည်ခိုင်ခံ့ရေးအတွက် စစ်ဆေးခြင်း၊ ပြုပြင်ခြင်းကို အခါမလပ်ဆောင်ရွက်

ရှေ့ဖုံးမှ

နံနက် ၈ နာရီ ၁၅ မိနစ်တွင်ရောက်ရှိရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စက်ရုံဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီခွဲတွင် စက်ရုံရှေ့၌ ကျင်းပရာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များနှင့်အတူ မန္တလေးတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကျောက်ဆည်ခရိုင်နှင့် ကျောက်ဆည်မြို့နယ်တို့မှ တာဝန်ရှိသူများ၊ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တော်ဝင်ပလတ်စတစ် ရက်ထည်အိတ်စက်ရုံ(ကျောက်ဆည်) စက်ရုံမှူး ဗိုလ်မှူးကြီးမျိုးဝင်းတို့က စက်ရုံကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

အခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက စက်ရုံများအတွက် သဘာဝဓာတ်ငွေ့နှင့်လျှပ်စစ်ဓာတ်အားရရှိမှုများ၊ စက်ရုံအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်ရေး အားပေးပံ့ပိုးဖြည့်ဆည်းပေးနေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ကျောက်ဆည်စက်မှုနယ်မြေ ပတ်ဝန်းကျင်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံများ အခြေအနေ၊ ဆင်မင်းဘိလပ်မြေစက်ရုံများ အပါအဝင် ကျောက်ဆည်စက်မှုနယ်မြေရှိ စက်ရုံများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အပြည့်အဝရရှိရေးဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးတို့က မန္တလေးတိုင်း ဆည်တော်ကြီးရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား ထုတ်ယူရရှိရေးနှင့် စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြပြီး စက်ရုံ၏အရွယ်အစားနှင့် ဓာတ်မြေသြဇာ ထုတ်လုပ်မှုနည်းစဉ်၊ စက်ရုံ၏ ကုန်ထုတ်လုပ်မှု မြင့်မားစေရေးအတွက် စက်ပစ္စည်းများဝယ်ယူဖြည့်တင်းမှု၊ စက်ရုံ၏ စက်ပစ္စည်းအစိတ်အပိုင်းအလိုက် လိုအပ်သည်များကို ပြုပြင်တပ်ဆင်ပြီးစီးမှု၊ စက်ရုံ၏ဝန်ထမ်းအင်အား၊ စက်ရုံ၏ Design Capacity၊ ဓာတ်မြေသြဇာလက်ရှိထုတ်လုပ်မှုနှင့် စက်စွမ်းအားပြည့် ထုတ်လုပ် နိုင်ရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် ပြုပြင်မွမ်းမံသင့်သည့် စက်အစိတ်အပိုင်းများကို အမြန်ဆုံးပြုပြင်၍ ကုန်ထုတ်လုပ်မှု အပြည့်အဝထုတ်လုပ်သွားရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် စက်ရုံသို့ သွားရောက်ကြပြီး ပင်မထိန်းသိမ်းရေးအလုပ်ရုံ၌ စက်ရုံကတီထွင်ထုတ်လုပ်ထားသည့် စက်ပစ္စည်းများ၊ အစားထိုးရန် ပြည်ပမှမှာယူထားသည့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ စက်ရုံကိုကြည့်ရှုစစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ချောက်မြို့နယ် စလေရှိ အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှတ်(၁) ဓာတ်မြေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စေတုတ္တရာမြို့နယ် ဖူးရှာရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်တို့က စက်ရုံဆိုင်းဘုတ်ကို နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံပုံစံငယ်၊စက်ရုံက ထုတ်လုပ်ထားသည့် ပလတ်စတစ်အိတ်နမူနာများကို လည်းကောင်း၊ ရက်ကန်းစက်ဌာန၊ အိတ်ဖြတ်စက်၊ ချည်မျှင်ထုတ်စက်၊ ကော်ရည်လောင်းစက်၊ တံဆိပ်ရိုက်စက်၊ အိတ်ချုပ်စက်လုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် စက်ရုံအတွက်စက်ပစ္စည်းများ ပေးသွင်းသည့် အိန္ဒိယသမ္မတနိုင်ငံ Lohia Starlinger Limited မှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

တော်ဝင် ပလတ်စတစ်ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်) ကို ကျောက်ဆည်မြို့၏အရှေ့ဘက် ရှစ်မိုင်အကွာ နွားလည်ကောက် ထုံးကျောက်တောင်အနီး ဆင်မင်းဘိလပ်မြေစက်ရုံဝင်းအတွင်း၌ တည်ဆောက်ထားခြင်းဖြစ်သည်။ စက်ရုံ၏အကျယ်အဝန်းမှာ ၆ဒသမ ၂၉ ဧက ရှိသည်။

သွင်းကုန်အစားထိုးနိုင်ရန်၊ ပြည်တွင်း၌ထုပ်ပိုးပစ္စည်းဖြစ်သည့် ပလတ်စတစ်ရက်ထည်အိတ်များလုံလောက်မှုရှိစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ပေါက်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စက်ရုံကို တည်ဆောက်ခြင်းဖြစ်သည်။

စက်ရုံ၏ စက်စွမ်းအားမှာ တစ်နှစ်လျှင် ၁၉ x ၂၈ လက်မအရွယ်ရှိ ကီလိုဂရမ် ၅၀ ဝင် ပလတ်စတစ် ရက်ထည်အိတ် ၁၇သန်း ထုတ်လုပ်နိုင်စွမ်း ရှိကြောင်းသိရှိရသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တော်ဝင်ပလတ်စတစ် ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်) ဖွင့်ပွဲအပြီးတွင် ဆင်မင်း(၂) ဘိလပ်မြေစက်ရုံကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်ရုံ၏ ဗဟိုထိန်းချုပ်ခန်းသို့ ရောက်ရှိစစ်ဆေးကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆင်မင်း(၂)စက်ရုံ၏စက်စွမ်းအားနှင့် ဘိလပ်မြေလက်ရှိထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စက်ရုံရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဆင်မင်းဘိလပ်မြေစက်ရုံ (ကျောက်ဆည်) စက်ရုံမှူးကြီးဦးစိုးတင်က ဆင်မင်းဘိလပ်မြေစက်ရုံ (ကျောက်ဆည်)အောက်ရှိ တစ်နေ့တန် ၄၀၀ ကျ ဆင်မင်း(၁) ဘိလပ်မြေစက်ရုံ၊ တစ်နေ့တန် ၇၀၀ကျ ဆင်မင်း(၂) ဘိလပ်မြေစက်ရုံ စက်ရုံနှစ်ရုံ တည်ဆောက်ဖွင့်လှစ်ခဲ့မှု၊ စက်ရုံအလိုက် ရင်းနှီးမြှုပ်နှံမှုများ၊ ၂၀၀၆–၂၀၀၇ ခုနှစ် လအလိုက် ဘိလပ်မြေထုတ်လုပ်နိုင်မှုများ၊ သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် ရရှိမှုများ၊ ဝန်ထမ်းအင်အား

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက လုပ်ကွက်အသီးသီးမှ သဘာဝဓာတ်ငွေ့ရရှိမှုများနှင့် စက်ရုံများ၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က သိရှိလိုသည်များကို ထပ်မံမေးမြန်းဆွေးနွေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်စက်မှုနယ်မြေရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကျွေထည်မြေထည်လုပ်ငန်း၏ ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)နှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့် ဘိလပ်မြေထုတ်လုပ်နိုင်သည့် အခြေအနေများ၊ ကျောက်ဆည် စက်မှုနယ်မြေ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန အနေဖြင့် ဘိလပ်မြေစက်ရုံ(ကျောက်ဆည်) အပါအဝင် စက်ရုံရှစ်ရုံတည်ဆောက် ပြီးစီးမှု၊ စက်ရုံအလိုက် ကုန်ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင် အတွင်း ခင်းကျင်းစီစဉ်ပြသထားသည့် ကျောက်ဆည်စက်မှုနယ်မြေရှိ အပ်ချုပ်စက်ရုံ၊ စက်ဘီးစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ ဖိနပ်စက်ရုံ၊ ပလတ်စတစ်စက်ရုံ၊ သကြားလုံးစက်ရုံ ထုတ်ကုန်ပစ္စည်းများကိုကြည့်ရှုစစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲတွင် ကျောက်ဆည်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့နယ် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအောက်ရှိ အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပခုက္ကူတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စက်ရုံဧည့်ရိပ်သာသို့ ရောက်ရှိကြရာ ရိပ်သာခန်းမဆောင်၌ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှတ်(၂) ဓာတ်မြေသြဇာစက်ရုံ (ကျွန်းချောင်း)ကို ၁၉၇၁ ခုနှစ်က တည်ဆောက်ခဲ့ပါကြောင်း၊ စက်ရုံ၏သက်တမ်းမှာ ယခုအခါ ၃၆နှစ်ကျော် ရှိနေပြီဖြစ်ပါကြောင်း၊ စက်ရုံ၏ စုစုပေါင်းအကျယ်အဝန်း မှာ ဧက ၂၃၀ ရှိပါကြောင်းဖြင့် ပဏာမ

သြဇာစက်ရုံ(စလေ)၏ စက်စွမ်းအား၊ စက်ရုံ၏လိုအပ်ချက်များကို ပြုပြင်မွမ်းမံရန် ၊ စက်ပစ္စည်းများဝယ်ယူခဲ့မှု၊ ရရှိပြီး စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှု၊ စက်ရုံ၏ ဝန်ထမ်းအင်အား၊ စက်ရုံ၏ Design Capacity၊ လက်ရှိဓာတ်မြေသြဇာထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီးမှာကြားရာတွင် စက်ရုံများ၏လက်ရှိကုန်ထုတ်လုပ်မှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်အကြီးအကဲ၏ မှာကြားချက်များနှင့်အညီ မိမိတို့ ဤစက်ရုံသို့ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ဤစက်ရုံသို့မလာမီကျောက်ဆည်မြို့ရှိ ဆင်မင်း(၂) ဘိလပ်မြေစက်ရုံကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)နှင့်စပ်လျဉ်းသည့် အချက်အလက်များ ကုန်ထုတ်စွမ်းအား အခြေအနေများကိုလည်း သိရှိခဲ့ရကြောင်း၊ ထို့အပြင် ပခုက္ကူမြို့နယ်ရှိ အမှတ်(၂)ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)ကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း။

ဘိလပ်မြေသည် နိုင်ငံသူနိုင်ငံသားများ၏ နေရေးထိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လမ်း၊ တံတား၊ ဆည်မြောင်း၊ တာတမံနှင့်အိမ်ရာစသည့် တည်ဆောက်ရေးစီမံကိန်းများအတွက်လည်းကောင်း အဓိကလိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဘိလပ်မြေ

စက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်နိုင်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးကြောင်း။

အလားတူ နိုင်ငံသူနိုင်ငံသားများ၏ စားသောက်ရေးနှင့် စီးပွားရေးတိုးတက်မှုအတွက်လည်း ဓာတ်မြေသြဇာစက်ရုံများ၏ ကုန်ထုတ်လုပ်မှုဖြင့် အဓိကအကျိုးပြုနိုင်ကြကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံတော်၏စီးပွားရေးသည်လည်း စိုက်ပျိုးရေးကိုအခြေခံထားကြောင်း။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခြားစီးပွားရေးကဏ္ဍများသည်လည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိုက်ပျိုးရေရရှိရေးစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ မိမိတို့လက်ထက်တွင် ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများကိုလိုအပ်သည့်နေရာများ၌တည်ဆောက်ပေးလျက်ရှိရာ မကွေးတိုင်းအတွင်းမှာပင် ဆည်တမံအစုအဖွဲ့များ၊ မြစ်ရေတင်စီမံကိန်းများကို အများအပြားတွေ့ရှိနိုင်မှာဖြစ်ကြောင်း။

ထို့အပြင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးလာရေးအတွက် အထွက်ကောင်းသီးနှံမျိုးများ ပြောင်းလဲစိုက်ပျိုးလာစေခြင်းနှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရန်အတွက်လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သော ဓာတ်မြေသြဇာဖြည့်ဆည်းပေးနိုင်ရေးအတွက် ဓာတ်မြေသြဇာစက်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်စေရန်လိုအပ်သည်များကို နိုင်ငံတော်က ဖြည့်ဆည်းပေးပြီးဖြစ်၍ စက်ရုံအလိုက်ပြုပြင်သင့်သည်များကို မြန်မြန်ပြုပြင်ပြီး မြန်မြန်စွမ်းအားပြည့်ထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ စက်ရုံအသီးသီး စက်စွမ်းအားပြည့်ထုတ်လုပ်နိုင်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းမှုကိုပါ အထောက်အကူပြုလာနိုင်မည်ဖြစ်၍ နိုင်ငံသားများ၏ စားရေးနေရေးအဆင်ပြေအောင် ဆောင်ရွက်နေခြင်းဖြစ်သည်ကိုသဘောပေါက်ပြီး မိမိတို့၏ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးကို စေတနာဖြင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စက်ရုံအလိုက် လိုအပ်သည့် စက်ပစ္စည်းများကို မိမိစက်ရုံတစ်ခုတည်းက ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရန်ကြိုးပမ်းနေခြင်းထက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများဖြင့် ဖြေရှင်းဆောင်ရွက်သွားသင့်ကြောင်း။

မိမိတို့၏ ယနေ့ထူထောင်ပေးထားသည့် စက်မှုဇုန်များ၌ ခေတ်မီသံရည်ကျို ပုံလောင်း ပုံထောင်း၊ ပုံဖိစက်ရုံများ တည်ဆောက်ပေးထားပြီးဖြစ်ရာ ယင်းခေတ်မီစက်ရုံများက စက်ရုံများ၏ စက်ပစ္စည်းလိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်နေပြီဖြစ်ကြောင်း။

ထို့ပြင် အမှတ် (၂)စက်မှုဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့ အောက်ရှိ စက်ရုံများကလည်း အကြီးစား စက်ပစ္စည်းများထုတ်လုပ်ပေးနိုင်သည့် အခြေအနေများရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ကိုယ်ပိုင်တီထွင်အားထုတ်မှုများဖြင့်သာမက စက်မှုဇုန်များ၊ ဝန်ကြီးဌာနများရှိ စက်ရုံများနှင့်ပါ ပေါင်းစပ်ညှိနှိုင်းပြီး စက်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းသွားကြရန် မှာကြားလိုကြောင်း။

ထို့ပြင် မပျက်စီးသင့်သည်များ မပျက်စီးစေရန်၊ ပစ္စည်းအလေအလွင့်၊ အချိန်အလေ အလွင့်၊ လုပ်အားအလေအလွင့်များ မရှိစေရန် ထိန်းသိမ်းကြပ်မတ်ကွပ်ကဲသွားကြရမှာ ဖြစ်ကြောင်း၊ မလိုလားအပ်သည့် မသမာမှုများ မဖြစ်ပွားရေးအတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်က စီမံဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

မိမိတို့စက်ရုံရှိ စက်ပစ္စည်းများရေရှည်ခိုင်ခံ့ရေးအတွက် စက်ရုံမှ တာဝန်ရှိသူများအနေဖြင့် စက်များကြံ့ခိုင်ရေးကို စစ်ဆေးခြင်း၊ ပြုပြင်ခြင်းတို့ဖြင့် အချိန်အခါမလပ် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)ဓာတ်မြေသြဇာစက်ရုံ (စလေ)၌ ယူရီးယားဓာတ်မြေသြဇာထုတ်လုပ်နေမှု၊ ထုပ်ပိုးမှုနှင့် သိုလှောင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် စေတုတ္တရာမြို့နယ်သို့သွားရောက်ကြပြီး အထက်ဖူးရွာရေလှောင်တမံစီမံကိန်း ဆောင်ရွက်နေမှုများကို ရဟတ်ယာဉ်ဖြင့်ကြည့်ရှုကြသည်။

ထို့နောက် စေတုတ္တရာမြို့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ ဖူးရွာအနီး မုန်းချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖူးရွာရေလှောင်တမံစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရှင်းလင်းတင်ပြရာ၌ မုန်းချောင်းပေါ်ရှိရေလှောင်တမံစီမံကိန်းအဆင့်ဆင့်ကို တည်ဆောက်လျက်ရှိရာ စေတုတ္တရာမြို့နယ်၌ မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းကို အကောင်အထည်ဖော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပွင့်ဖြူမြို့နယ် ကြီးအုံ–ကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြီးစီးပြီဖြစ်ပါကြောင်း၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများမှာ ဖူးရွာရေလှောင်တမံစီမံကိန်း၊ အထက်ဖူးရွာရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံ–ကြီးဝ ရေလှောင်တမံဘက်စုံစီမံကိန်းတို့ဖြစ်ပါကြောင်း။

ဖူးရွာရေလှောင်တမံစီမံကိန်းကို နှစ်စဉ်ပျမ်းမျှလျှပ်စစ်စွမ်းအား ကီလိုဝပ်နာရီ သန်းပေါင်း ၁၉၅ သန်း ထုတ်လုပ်ရန်၊ မုန်းချောင်းရေလှောင်တမံစီမံကိန်းမှ မူလနှစ်စဉ်ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအပြင် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း၇၀ခန့်ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်ရန်၊ ကြီးအုံ–ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းမှ မူလနှစ်စဉ်ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားအပြင် တစ်နှစ်လျှင်ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ခန့်ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များ လုပ်ငန်းအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က လုပ်ငန်းများအချိန်မီပြီးမြောက်ရေးနှင့် ရေဝေရေလဲသစ်တောများ ထိန်းသိမ်းရေးတို့ကိုမှာကြားပြီး ရှင်းလင်းဆောင်အနီးရှိ ရှုရပ်မှတစ်ဆင့် စီမံကိန်းဧရိယာနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

စီမံကိန်းအရ မုန်းချောင်းပေါ်၌ တမံအလျားပေ ၂၃၁၀၊ တမံအမြင့် ၂၀၅ပေရှိ ဇုန်အမျိုးအစားမြေသားတမံကို တည်ဆောက်လျက်ရှိသည်။ စီမံကိန်းပြီးစီးပါက ၂၁မဂ္ဂါဝပ်ရှိ စက်နှစ်လုံးမှ စုစုပေါင်း ဓာတ်အား ၄၂ မဂ္ဂါဝပ်လည်း ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖူးရွာ ရေလှောင်တမံစီမံကိန်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်ဖြင့် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံ–ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ၅၀ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည့် ကြီးအုံ–ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ကြီးအုံ–ကြီးဝစီမံကိန်းသို့ မုန်းချောင်းစီမံကိန်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားရရှိရေး၊ ဓာတ်အားလိုင်းဆက်သွယ်ပေးမည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဘိလပ်မြေအဆက်မပြတ်ဖြည့်ဆည်းပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က လိုအပ်သည်များကို ထပ်မံမှာကြားပြီး ရှုရပ်မှစီမံကိန်းဧရိယာကို ကြည့်ရှုကြသည်။

ဆက်လက်၍ ရေယူအဆောက်အအုံ ဖောက်လုပ်တည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ရေလွှဲမြောင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပင်မတမံ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က လုပ်ငန်းဆောင်ရွက်ချက်နှင့်လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြီးအုံ–ကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းကို ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည် အထက်ဘက်(၅) မိုင်ခန့်အကွာ မုန်းချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ကြီးအုံ–ကြီးဝရေလှောင်တမံမှာ စိုက်ပျိုးမြေဧက ၉၆၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် ရေအားလျှပ်စစ် ၇၄မဂ္ဂါဝပ်ပါ ထုတ်ယူရရှိမည့် ဘက်စုံစီမံကိန်းဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကြီးအုံ–ကြီးဝရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ညနေပိုင်းတွင် ရဟတ်ယာဉ်ဖြင့် မကွေးမြို့သို့ရောက်ရှိကြသည်။

ညပိုင်းတွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအထွေထွေအတွင်းရေးမှူးဦးဌေးဦးသည် မကွေးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တိုင်းရုံး ခန်းမ၌ တိုင်း၊ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ပြပွဲသို့ ရတနာကုန်သည် ၃၄၁၈ ဦး တက်ရောက် ကျောက်စိမ်းအတွဲပေါင်း ၃၃၄၅ တွဲ အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် မတ် ၁၈

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ကျင်းပလျက်ရှိသော ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချပွဲ ဆဋ္ဌမနေ့အဖြစ် နံနက် ၉ နာရီတွင် မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ဆက်လက်ကျင်းပသည်။

အပြိုင်အဆိုင်ဝယ်ယူ

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိနေသော ကျောက်စိမ်းအတွဲများကို ယမန်နေ့ညနေ ၄ နာရီမှ ည ၇ နာရီခွဲအထိ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၁၉ တွဲကို ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူကြသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်းအတွဲပေါင်း ၅၆တွဲကို ရောင်းချခဲ့ရသည်။

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ယနေ့နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၈တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညပိုင်းတွင် ဆက်လက် ရောင်းချလျက်ရှိသည်။

ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၃ရက်မှ ယနေ့အထိ ခြောက်ရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၃၃၄၅တွဲကို ရောင်းချခဲ့ရသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို သတ္တမနေ့အဖြစ် မတ် ၁၉ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည် စုစုပေါင်း ၃၄၁၈ ဦး တက်ရောက် ဝယ်ယူလျက်ရှိသည်။ (သတင်းစဉ်)

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) (၁၈)ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၈

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ (၁၈)ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးကို ၂၀၀၇ ခုနှစ် မတ် ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီး မင်္ဂလာတိုက်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးတွင် အသက်(၇၅)နှစ်မှအထက် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သူများကို ဂုဏ်ပြုဆုပေးပွဲပါ ပူးတွဲကျင်းပမည်ဖြစ်ရာ မင်းပြားမြို့နယ်အသင်း အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ မင်းပြားမြို့နယ်သူ၊ မြို့နယ်သားများနှင့် စိတ်ဝင်စားသူများ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။ (က–ပ)



ဖဲကြိုးဖြတ်ဖွင့်လှစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် စက်ရုံမှူး ဗိုလ်မှူးကြီးမျိုးဝင်းတို့ တော်ဝင်ပလတ်စတစ် ရက်ထည်အိတ်စက်ရုံ (ကျောက်ဆည်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၉–၃–၂၀၀၇

(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၇။	(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၈။	International News.
၈း၄၅	၉။	Grammar Made Easy.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄း၄၅	၄။	အကပဒေသာ
၅း၀၀	၅။	မြန်မာစာ၊ မြန်မာစကား
၅း၁၅	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၃၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၅း၄၀	၈။	တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၆ ခုနှစ်)
၅း၅၀	၉။	**"ချစ်လွန်းလို့" (ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ–ကြည်စိုး)**
၆း၀၀	၁၀။	ညနေခင်းသတင်းများ
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	အလှရှာမယ်လှကမ္ဘာဝယ်
၇း၀၀	၁၃။	"မိုင်(၁၀၀၀)ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ"
၇း၁၀	၁၄။	(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇း၂၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သစ္စာဘဝပင်ခြားသော်လည်း" (အပိုင်း–၄)**
၈း၀၀	၁၆။	ပြည်တွင်းသတင်းများ
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း–၃၂)**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ဗန်းမော်မြို့ ဘိုးဘွားရိပ်သာရှိ မျက်စိဝေဒနာရှင် အဘိုးအဘွားများအတွက် မျက်မှန်များ တပ်ဆင်လှူဒါန်းစဉ်။ (သတင်းစဉ်)

☆ မြန်မာနိုင်ငံမှ

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ဘိုးဘွားများအား တစ်ရက်စာ စားသောက်ရန် ငွေကျပ် ၁၂၀၀၀၀ကို လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံသည်။

ယင်းနောက် ဒေါ်ခင်ခင်ဝင်းနှင့် အဖွဲ့ဝင်များသည် အဘိုးအဘွားများ တစ်နေ့စာ သုံးဆောင်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အဖွဲ့ဝင်များသည် ဗန်းမော်မြို့ ညောင်ပင်ရပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းနှင့် ခရိုင်၊ မြို့နယ် အသင်းရုံးဆောက်လုပ်သည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ရေစည်ဝယ်ယူရန်အတွက် အလှူငွေများကို ပေးအပ်ရာ ဗန်းမော်ခရိုင်အသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မုဒုံမြို့ သာယာကုန်းမဟာစည်ရိပ်သာ ရဟန်းခံရှင်ပြု သီလရှင်ဝတ်ပွဲ

ရန်ကုန် မတ် ၁၈

မွန်ပြည်နယ် မုဒုံမြို့နယ် သာယာကုန်းမဟာစည်ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၃)ကြိမ်မြောက် ဒုလ္လဘရဟန်းခံရှင်ပြု သီလရှင်ဝတ်ပွဲကို ဘဒ္ဒန္တ ဝိစာရိန္ဒ မဟာစည်နာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာယာကုန်း ဆရာတော်နှင့် ကျောင်းဒါယကာ၊ ဒါယိကာမများဦးစီး၍ ၁၃၆၈ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ရက် (၃-၄-၂၀၀၇) အင်္ဂါနေ့ မွန်းလွဲ ၂နာရီတွင်ရှင်ပြု၍ တန်ခူးလပြည့်ကျော် ၃ရက်(၄-၄-၂၀၀၇)ဗုဒ္ဓဟူးနေ့ နံနက် ၈နာရီတွင် သိမ်တက်မင်္ဂလာ ကျင်းပမည်ဖြစ်ပါ၍ ရှင်၊ ရဟန်းဝတ်လိုသူများ စာရင်းပေးနိုင်ကြောင်း သိရှိရသည်။ ဆက်သွယ်လိုသူများသည်ဖုန်း-၀၉၅၁၆၆၇၉၃၊ ၀၅၇-၂၁၁၀၂၊ ၂၅၁၈၅၊ ၂၄၄၇၆ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြည်ပမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၁၈

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများကောင်စီညီလာခံနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ ပညာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။ အဖွဲ့ဝင် အဖြစ်လိုက်ပါသွားသော ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးမြင့်လည်း ဝန်ကြီးနှင့်အတူ ပြန်လည်လိုက်ပါလာသည်။ (သတင်းစဉ်)

ကြိုဆို

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှပညာရေးဝန်ကြီးများ ကောင်စီညီလာခံနှင့် ဒုတိယအကြိမ်မြောက် အာဆီယံပညာရေး ဝန်ကြီးများ အစည်းအဝေး တက်ရောက်ခဲ့ပြီး နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၃-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၄။	ကြည်နူးနားဆင်ပြုံးပျော်ရွှင်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	လျှပ်တပြက်ရိုက်ချက်
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မုန်တိုင်းကြားကချစ်လိပ်ပြာ" (အပိုင်း-၂၀)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး(ဒုတွဲ)" (အပိုင်း-၃၀)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ မိခင်နှင့် ကလေး **စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ဗန်းမော်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ မိခင်နှင့် ရင်သွေးကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းမှ လှူဒါန်းငွေကျပ်သိန်း ၅၀ကို ကချင်ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေထံ ပေးအပ် လှူဒါန်းစဉ်။** (သတင်းစဉ်)

❒ **ကျောဖုံးမှ**

ဆိုသည်၊ ဓာတ်ရောင်ခြည်ပေး၍ ကုသနည်း၏ ဘေးထွက်ဆိုးကျိုးမှာ ရုပ်ရည်ပျက်သွားနိုင်သော အခြေအနေပင်ဖြစ်သည်။ ယခုအခါ ဓာတ်ရောင်ခြည်ပေး၍ ကုသနည်းကို အသုံးနည်းပါးသွားပြီဖြစ်သည်။

မျက်စိတစ်ဖက်တည်း၌သာ ယင်းကင်ဆာဖြစ်ပွားပါက တစ်ခါတစ်ရံ မျက်စိအစားထိုး၍ ကုသပေးသည်လည်း ရှိသည်။

တောင်အမေရိက သစ်ပင်တစ်မျိုးမှ ထုတ်ယူရရှိသော ဓာတ်ပစ္စည်း ဘီတာလာပါကုန်း(beta lapachone)ခေါ် ဓာတ်ပစ္စည်းဖြစ်သည်။ ယင်းဓာတ်ပစ္စည်းသည် ကင်ဆာဆဲလ်များပွားစည်းမှုကို တားဆီးပေးကြောင်း အိုဘရိုင်ရင်နှင့် အဖွဲ့က တွေ့ရှိခဲ့ကြသည်။ ထိုတွေ့ရှိချက်သည် ကင်ဆာဆဲလ်များကို တိုက်ဖျက်ရာ၌ အကျိုးပြုနိုင်ကြောင်း စက္ကူအမည်ရှိ ဂျာနယ်တွင် ရေးသားတင်ပြခဲ့သည်။

အင်တာနက်

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘဝသစ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နွေစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲ တက်ရောက်အားပေး

နေပြည်တော် မတ် ၁၈

ပျဉ်းမနားမြို့နယ် ၂၀၀၆–၂၀၀၇ ခုနှစ် နွေစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲကို ယနေ့နံနက် ၇ နာရီတွင် ပျဉ်းမနားမြို့ရှောင်လမ်း မိုင်တိုင်အမှတ်(၁၁/၂)လမ်းဘေးဝဲ/ယာရှိ သစ်လေးလုံးကျေးရွာနှင့် နတ်သူရဲကျေးရွာတို့၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အားပေးပြီး လိုအပ်သည်များ မှာကြားသည်။

အခမ်းအနားသို့ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များ၊ ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

လိုက်လံကြည့်ရှု

စုပေါင်းမြေသြဇာကြဲပက်ပွဲတွင် သစ်လေးလုံးကျေးရွာ ကွင်းအမှတ် ၁၇၀၇ရှိ နွေစပါး ၁၃၈ ဧကနှင့် နတ်သူရဲကျေးရွာ ကွင်းအမှတ် ၁၇၀၆ ရှိ နွေစပါး ၁၇၈ဧကတို့တွင် ဒေသခံကျေးရွာအုပ်စု အသီးသီးရှိ တောင်သူလယ်သမားများက သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်၍ ကြဲပက်ပွဲဆောင်ရွက်ခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များကလည်း မြေသြဇာအရည်များ ပက်ဖျန်းခြင်းတို့ကို အိုးစည်ဒိုးပတ်အဖွဲ့အစည်းများဖြင့် တပျော်တပါး ဆောင်ရွက်ကြရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်က ပျဉ်းမနားမြို့နယ်၏ ၂၀၀၆–၂၀၀၇ ခုနှစ် နွေစပါး ရည်မှန်းချက်အပေါ် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်း

ထို့နောက် တိုင်းမှူးက နေပြည်တော်ဒေသသည် စိုက်ပျိုးရေးအတွက် ရေမြေသဘာဝ ကောင်းမွန်သော ဒေသဖြစ်ပြီး ဆည်တမံများဖြင့် စိုက်ပျိုးရေရရှိသော ဒေသဖြစ်ကြောင်း၊ မိုးစပါးအထွက်နှုန်း ကောင်းခဲ့သကဲ့သို့ နွေစပါးအထွက်နှုန်းကောင်းအောင်လည်း မျိုး၊မြေသြဇာ၊ နည်းပညာများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများကိုယ်တိုင်ကလည်း အားထုတ်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရာသီဥတု ကောင်းမွန်မှန်ကန်စေရေးအတွက် သစ်တောများပြုန်းတီးမှုမရှိအောင် တောမီးရှို့ခြင်း၊ ထင်းခုတ်ခြင်း၊ တောင်ယာခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ အုတ်ဖုတ်ခြင်းများ မပြုလုပ်ကြစေလိုကြောင်းနှင့် ဒေသစိမ်းလန်းစိုပြည်သာယာရေးအတွက် သစ်ပင်စိုက်ပျိုးရေးကိုလည်း အဓိကထား ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားပြီး ဒေသခံ တောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့နယ် ၂၀၀၆–၂၀၀၇ ခုနှစ် နွေစပါး စုပေါင်းမြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပျဉ်းမနားမြို့နယ်တွင် ၂၀၀၆–၂၀၀၇ ခုနှစ် နွေစပါး စီမံကိန်း ဧက ၁၅၁၀၀စိုက်ပျိုးရန်လျာထားရာ ယနေ့အထိ ၈၈၀၅ဧကစိုက်ပျိုးဆောင်ရွက်ပြီးစီးကြောင်းနှင့် ရာသီကုန်တွင် လျာထားဧက ပြည့်မီကျော်လွန်အောင် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝန်ထမ်းများအနေဖြင့် ယနေ့ နိုင်ငံရေးအခြေအနေကို မျက်ခြည်မပြတ် လေ့လာသိရှိရန် လိုအပ် အပျက်သမားများ၏လုပ်ရပ်များကို ပြည်သူလူထုသိအောင် မီဒီယာနည်းဖြင့် ချပြဆွေးနွေး

ရန်ကုန် မတ် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၃ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်း ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး ရုပ်မြင်သံကြားပြသခန်းမအတွင်း ပြသထားသော မျိုးချစ်သွေးနံရံကပ်စာစောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စာကြည့်တိုက်အတွင်း စာအုပ်၊စာစောင်၊ မဂ္ဂဇင်းများ၊ နေ့စဉ်ထုတ်သတင်းစာများ ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည်မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီးစာကြည့်တိုက်ခန်းမ၌ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိ၍ ရုပ်မြင်သံကြားပြသခန်းမအတွင်း ပြသထားသည့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးမှု မှတ်တမ်း ဓာတ်ပုံများနှင့် နံရံကပ် စာစောင်များကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ခန်းမ၌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဌာနဆိုင်ရာကိစ္စများကို မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မန္တလေးတိုင်း ညောင်ဦး၊ ပျော်ဘွယ်နှင့် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများတွင် တာဝန်ရှိသူများအား တွေ့ဆုံ အမှာစကားပြောကြားရာ၌ ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံတော်နှင့် ပြည်သူများကို ကျေးဇူးဆပ်ရာ ရောက်မည်ဖြစ်ကြောင်း၊ မိမိမြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ချမှတ်ပေးထားသော လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ဆောင်ရွက်သွားရန် လိုကြောင်း၊ ရှိပြီးသား စာအုပ်စာစောင်များကို စနစ်တကျဖြင့် စာအုပ်အငှားစနစ်နှင့်အညီ မပျောက်ပျက်အောင် ထိန်းသိမ်းငှားရမ်းသွားရန် လိုအပ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်အတွင်း နေ့စဉ်ထုတ်သတင်းစာများထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နွေရာသီ ကျောင်းပိတ်ရက်အတွင်း စာဖတ်ဝါသနာပါသည့် ကျောင်းသား၊ ကျောင်းသူများကို အုပ်စုငယ်များဖွဲ့၍ ဆွေးနွေးရမည့် ခေါင်းစဉ်များကို ချမှတ်ပေးပြီး တစ်ဦးချင်းက မိမိတို့အမြင်နှင့် ယူဆချက်များကို ပြန်လည်တင်ပြဆွေးနွေးသော ကျေးရွာစာဖတ်ဝိုင်းများကို စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျောင်းပိတ်ရက်အတွင်း မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများနှင့် ညှိနှိုင်း၍ နံရံကပ်စာစောင်များ၊ ဝတ္ထု၊ ကဗျာ၊ စာစီစာကုံး၊ ကာတွန်းပြိုင်ပွဲများ ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် ယနေ့နိုင်ငံရေးအခြေအနေကိုလည်း မျက်ခြည်မပြတ် လေ့လာသိရှိထားရန် လိုအပ်ကြောင်း၊ ယခုအခါ ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်တွင်းရှိ နယ်ချဲ့သြဇာခံအဖွဲ့အစည်းများကလည်း နိုင်ငံတော်ကို ဘက်စုံမှ တိုက်နေကြကြောင်း၊ ယင်းပြည်ပအားကိုး ပုဆိန်ရိုးများနှင့် အဖျက်သမားများ၏ လုပ်ရပ်များကို ပြည်သူလူထုသိရှိအောင် မီဒီယာနည်းဖြင့် ချပြဆွေးနွေး၍ ပူးပေါင်းကာကွယ်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသွားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၃–၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ကိုယ့်အပြစ်ကိုယ်ခံရမှာပဲ ကလေးရယ် တရားတော် (အပိုင်း–၁) (အရှင်ဆန္ဒာဓိက ဆရာတော်)
၇း၅၀	လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ခေတ်မီတိုးတက်တီထွင်ချက် ရေမော်တာ အလိုအလျောက် ထိန်းချုပ်စက်
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	Movie Talk (ဒါရိုက်တာသီဟကျော်စိုးနှင့် တွေ့ဆုံခြင်း)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁၀း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀	Celebrity Style (ပွင့်နဒီမောင်နှင့်တွေ့ဆုံခြင်း)
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	မွန်ရိုးရာဝတ်စားဆင်ယင်မှု
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (သဘာဝအသီးအပွင့်တို့နှင့် ပတ်သက်သောပြဿနာများ)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	လောင်စာစွမ်းအင်အတွက် အားထားရမည့် ခြံစည်းရိုးကြက်ဆူပင်များ
၁၁း၄၅	ဂီတသံစဉ်အလှဆင်(ချိုပြုံး)
၁၂း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၁၅	တန်ခိုးတော်ထင်ရှား ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဘုရား
၁၂း၃၀	သစ်ကောင်းတစ်ပင် (ရန်ပိုင်စိုး၊ မောင်ဂဠုန်)
၁၂း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၀	တေးဂီတအစီအစဉ်
၁၂း၅၅	မုဒွန်းရွာမှ သဘာဝလက်ဆောင်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	Man;Utd-Middlesbrough	5-Sports(Live)
၂း၂၈	Tottenham-Chelsea	5-Series(Live)

ခေတ္တရာအသင်း(ရန်ကုန်)ဂုဏပူဇာသဘင်

ရန်ကုန် မတ် ၁၈

နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော ပဲခူးတိုင်း ပြည်မြို့ ရွာဘဲရပ် ရွှေညောင်ပင်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတအား ခေတ္တရာအသင်းရန်ကုန်မြို့မှ ဧပြီ ၂၈ရက် မွန်းလွဲ ၁ နာရီတွင် အဂ္ဂမဟာပဏ္ဍိတ ဂုဏပူဇာသဘင် ကျင်းပပူဇော်မည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများအနေဖြင့် တက်ရောက်ကြည်ညိုပူဇော်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများ ဦးသန်းထွန်း ဖုန်း–၃၇၄၅၃၁၊ ဦးခင်မောင်ဘို ဖုန်း–၆၅၁၉၃၈၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)ဖုန်း–၅၂၆၃၄၃၊ ဦးဝင်းမော် ဖုန်း–၂၄၂၁၃၈နှင့် ဒေါ်ဥမ္မာသန်း ဖုန်း–၂၄၉၀၉၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ပြည်တွင်း သတင်းမှတ်စု

မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်အဖွဲ့ သာစည်မြို့နယ်၌ အခမဲ့ဆေးဝါးကုသ

မန္တလေးတိုင်း မိတ္ထီလာခရိုင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်က သာစည်မြို့နယ်ပြည်သူ့ဆေးရုံသို့ ကွင်းဆင်း၍ ပြည်သူများအား အခမဲ့ဆေးဝါး ကုသပေးကြသည်။

ဆေးဝါးကုသရာတွင် မိတ္ထီလာအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်အတူ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ညွန့်လွင်၊ ဆေးပညာအထူးကုဆရာဝန်ကြီး ဒေါက်တာ စိုးသန်းနိုင်၊ စိတ်ကျန်းမာရေးအထူးကုဆရာဝန်ကြီး ဒေါက်တာ မြင့်ဆွေ၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဌေးဌေးဝင်း၊ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာဇော်ဝင်း၊ မျက်စိ အထူးကု ဆရာဝန်ကြီး ဒေါက်တာကောင်းညွှန့်၊ နား၊နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးဒေါက်တာမြတ်ဆွေ၊ သားဖွား၊မီးယပ်အထူးကု လက်ထောက်ဆရာဝန် ဒေါက်တာ ယုယုလှိုင်၊ တီဘီရောဂါ တိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဆရာဝန်ဒေါက်တာ နီနီနွယ်၊သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာခွန်အောင်မြင်နှင့် ဒေါက်တာနိုင်အေးခက်၊ ခရိုင်တိုင်းရင်းဆေးခန်းမှူး ဒေါ်စန်းဆင့်ဆင့်နှင့် အထူးကုဆရာဝန်များက ပြည်သူ ၂၉၅ဦးတို့အား ကျန်းမာရေး အသိပညာပေးပြီး အခမဲ့ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။

ဖြူးမဟာစည် နွေရာသီ ယဉ်ကျေးမှုသင်တန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅)ရပ်ကွက် ကမာရွတ်ဘူတာ အနောက်ဘက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ အတွင်း နွေရာသီယဉ်ကျေးမှုသင်တန်းကို ၁၃၆၈ခုနှစ်တန်ခူး လဆန်း ၃ ရက်မှ တန်ခူးလပြည့်ကျော် ၁၃ ရက်အထိ (မတ် ၂၀ ရက်မှ မတ် ၃၀ ရက်အထိ) ဖွင့်လှစ်မည်ဖြစ်ရာ သင်ကြားလိုသော ကျောင်းသား၊ ကျောင်းသူများသည် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆ လိုင်းခွဲ-၁၈၁သို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

ထန်းတောကြီးကျေးရွာ ပညာမဏ္ဍိုင်စာကြည့်တိုက်ဖွင့်

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ထန်းတောကြီးကျေးရွာ ပညာမဏ္ဍိုင်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မုံရွာခရိုင် ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက ပညာမဏ္ဍိုင်စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်းသို့လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပခဲ့ပြီး စာကြည့်တိုက် ရေရှည်တည်တံ့ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ (ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၂)ဖြန့်ချိ

ရန်ကုန် မတ် ၁၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၂)တွင် ကာတာနိုင်ငံက မြန်မာကျွမ်းကျင်လုပ်သား ၁၁၃ ဦး ခေါ်မည်၊ မြန်မာနိုင်ငံ ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ FAOနှင့် WHOတို့က ဘဏ္ဍာရေး ဆိုင်ရာဖြည့်ဆည်းပေးသွားမည်၊ မတ်လ ၁၉ ရက်တွင် နေကြတ်ခြင်းမြင်ရမည် မျက်စိအန္တရာယ်ကင်းစွာ ကြည့်ရှုနိုင်မည့် နည်းများသိထားရန်လို၊ လုပ်ငန်းခွင်လက်တွေ့ အလုပ်လုပ်ရသော နှစ်နှစ်ဒီပလိုမာတန်းတက်ကာ ဩစတြေးလျတွင် တရားဝင်နေထိုင်ခွင့် အလုပ်လုပ်ခွင့်လျှောက်ထားနိုင်၊ နယ်စပ်ဒေသရှိ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များအတွက် လှူဒါန်းရန် လိုအပ်နေဆဲစသည့် ပြည်တွင်း ရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ခြေလှမ်း ဘယ်သူတွေဘယ်လို လှမ်းကြမလဲ' အားကစားဆောင်းပါးနှင့်အတူ ဟောက်တတ်သူတို့ကြောင့် ဘဝတစ်သက်တာတွင် အိမ်ထောင်ဖက်များ နှစ်နှစ်စာ အိပ်ပျက်ရ၊ ခွေးရူးပြန်ရောဂါနှိမ်နင်းရေး တရုတ်နိုင်ငံခရိုင်တစ်ခုတွင် အိမ်မွေးခွေးများအားလုံးကို သုတ်သင်ရန်အမိန့်ထုတ်ပြန်၊ ကမ္ဘာ့ဘူမိဗေဒမြေပုံ ပထမဆုံးအကြိမ်အဖြစ် တည်ဆောက်ပြီ၊ သုံးရက်သားကလေးငယ်ကို ဆေးရုံဝန်ထမ်း အယောင်ဆောင်ပြီး ခိုးယူသွားစသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ စေတနာ နာရေးကူညီမှုအသင်း အမှုဆောင် ဦးမြင့်သန်း(ခ)ဦးမောင်ငယ်(ကျော်အော့ဖ်ဆက်)သည် ၄-၁-၂၀၀၇ ရက်တွင် နိုင်ငံတော်က ချီးမြှင့်ပေးအပ်သည့် လူမှုထူးချွန်တံဆိပ် (တတိယဆင့်)အား ထိုက်တန်စွာ ရရှိသည့်အတွက် အတိုင်းအဆမရှိဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး သာသနာအကျိုးကို ဆတက်ထမ်းပိုး လှူဒါန်းဆောင်ရွက်နိုင်ပြီး လုပ်ငန်းများဆက်လက်တိုးတက်အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

စေတနာနာရေးကူညီမှုအသင်း
မော်လမြိုင်မြို့

The VOICE Weekly
၂၀၀၇ ခုနှစ်၊ မတ် (၁၉) ရက်၊ တနင်္လာနေ့၊ အတွဲ(၃)၊ အမှတ်(၂၄)
- မန္တလေးမြို့ကို လူနေမှုပုံသဏ္ဍာန်အသစ် လက်ဆောင်ပေးသူ၊
- နေကြတ်ခြင်း၏ ထူးခြားချက်ကို မြန်မာနိုင်ငံသားများ မြင်တွေ့ကြရမည်၊
- UMFCCI အစုရှယ်ယာ ဝယ်နိုင်ပြီ၊
- မလေးရှားကို စရိတ်နည်း Air Asia နှင့် သွားနိုင်တော့မည်၊
- ဂျပန်-ဂျာမနီ ပူးတွဲပညာသင်ဆု အခမဲ့လျှောက်ထားလိုလျှင်၊
- ညှိစာရင်းတိုင်လျှင် အခကြေးငွေတောင်းသူရှိက တိုင်ကြားရမည့်နေရာ၊
- မန္တလေးမဟာသင်္ကြန်အကြိုအတွက် အစီအစဉ်တစ်ခု၊
- ပြည်ပအလုပ်အကိုင်အေဂျင်စီအချို့၏ မသမာမှုနောက်ဆက်တွဲ၊
- ကိုယ်ပိုင်မီတာလျှောက်ထားနိုင်မည့် ရန်ကုန်မြို့တော်ရှိ ဆိုင်ခန်းများ၊
- လက်ရှိ တီဗီအင်တင်နာဖြင့် MRTV-4 ကြည့်လိုပါသလား၊
- ဘာကြောင့် ခရမ်းချဉ်သီးဈေး အလွန်အမင်းကျသွားတာလဲ၊
- စစ်ကိုင်းတိုင်းအတွင်းရှိ လုပ်ငန်းရှင်များ မဖြစ်မနေလိုက်နာရတော့မည့်စည်းကမ်း၊
- တီဘီဝေဒနာရှင်များအတွက် အသုံးအဆောင်ပစ္စည်းများအခမဲ့ဖြန့်ဝေပေးမည့် မြို့နယ်သုံးခု၊
- စင်ကာပူသင်္ကြန်ပွဲတော်ကို သွားရောက်ဖျော်ဖြေမည့် တေးသံရှင်များ၊
- နာမည်ကျော်ဆရာတော်ကြီးများ၏ တရားတော်များ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် နာယူနိုင်သော Website ၊
- You Tube ပေါ်က ဗီဒီယိုတွေ ဆွဲချပြီး ပုံစံပြောင်းနိုင်တဲ့ Freeware စသည့် လူမှုစီးပွားဆိုင်ရာ သတင်းထူးများ ....
ထွက်ပြီ

ကျိုက်သလ္လံစေတီတော်ရင်ပြင်၌ သန့်ရှင်းရေးလုပ်အားဒါနပြု

ရန်ကုန် မတ် ၁၈

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို၍ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဦးဆောင်သော ဂေါပက အဖွဲ့ဝင်များ၊ ဝန်ထမ်းများ စုပေါင်း၍ မတ် ၁၁ ရက် နံနက်၇နာရီတွင် ကျိုက်သလ္လံစေတီတော် ရင်ပြင်တစ်ဝိုက်၌ စုပေါင်း၍ သန့်ရှင်းရေးလုပ်အား ဒါနပြုကြသည်။ လုပ်အားဒါနပေးရာသို့ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဘက်စုံပြုပြင်တည်ဆောက်ရေးကော်မတီ ဦးစီးနာယက ဦးမောင်မောင်၊ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် ဂေါပက အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီပံ့ပိုးပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဇေယျာသီရိရပ်၊ မျှော်လင့်လမ်း၊အိမ်အမှတ်(၅၀၄) နေ ဒေါ်အုန်းညွန့် (၁၀/မလမ (နိုင်) ၀၇၂၀၁၅)၏ သားဖြစ်သူ မောင်မြင့်ဦး [၉/ပမန (နိုင်) ၀၀၂၁၁၂]သည် မိဘဆိုဆုံးမစကားကို အကြိမ်ကြိမ် မနာခံဘဲ မိဘများ၏ ဆောင်ရွက်ချက်များကို ဟန့်တားနှောင့်ယှက်ခြင်း၊စိတ်အနှောင့်အယှက်အမျိုးမျိုး ပေးနေခြင်းတို့ကြောင့် ကိတ္တိမသားအဖြစ်မှ အမွေဖြတ်စွန့်လွှတ်လိုက်သည်။

မိခင် ဒေါ်အုန်းညွန့်

ညောင်ကန်အေး သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ညောင်ကန်အေး ရွှေပြည်သာ သာသနာ့ရိပ်သာ၏ (၂၂)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၁ ရက် မှ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့)အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဧပြီ ၁ ရက် ညနေ နောက်ဆုံးထား စာရင်းပေးသွင်းကြရန်ဖြစ်သည်။ လှူဒါန်းလိုသူများနှင့် ရဟန်း၊ ယောဂီဝတ်လိုသူများသည် ဧပြီ ၁၀ ရက် ညနေ နောက်ဆုံးထားပြီး ရွှေပြည်သာ ညောင်ကန်အေး သာသနာ့ရိပ်သာ ဖုန်း-၀၁-၆၁၀၃၆၃၊ ဦးတင်ငွေ ဖုန်း-၀၁-၆၁၀၉၄၇ တို့ထံ ဆက်သွယ်လှူဒါန်းစာရင်းပေးနိုင်ကြောင်း သိရသည်။ (၆၁)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အခြေခံနည်းပညာကျွမ်းကျင်မှုသင်တန်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

ကျောင်းသားမိဘများအနေဖြင့် သား/သမီးများအား အင်ဂျင်နီယာများနှင့် ကွန်ပျူတာပညာရှင်များဖြစ်စေလိုလျှင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အောက်ဖော်ပြပါနည်းပညာတက္ကသိုလ်/ကောလိပ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ၁-၄-၂၀၀၇ရက်နေ့တွင် စတင်ဖွင့်လှစ်မည့် အခြေခံကျွမ်းကျင်မှုသင်တန်းများတွင် တက်ရောက်ရန် ဆက်သွယ်အပ်နှံ နိုင်ပါသည်-

- နည်းပညာတက္ကသိုလ်/ကောလိပ်(မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပင်လုံ၊ လွိုင်ကော်၊ ကလေး၊ စစ်တွေ၊ ဘားအံ၊ ထားဝယ်၊ မြိတ်၊ မိုးညှင်း)
- ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား၊ ဗန်းမော်၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ ပင်လုံ၊ လွိုင်ကော်၊ ကလေး၊ စစ်တွေ၊ ဘားအံ၊ ထားဝယ်၊ မြိတ်)

(၁) အဆိုပါသင်တန်းသို့ ၂၀၀၆ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများနှင့် ၂၀၀၇ခုနှစ် မတ်လတွင်ကျင်းပသော အခြေခံပညာအထက်တန်းဖြေဆိုထားသူများ လျှောက်ထားနိုင်ပါသည်။

(၂) သင်တန်းတက်ရောက်၍ ပထမလေးလသင်တန်းအောင်မြင်ပြီးဆုံးပါက ကျွမ်းကျင်မှုလက်မှတ်ချီးမြှင့်ပေးမည်။

(၃) ပထမလေးလသင်တန်းအောင်မြင်ပြီး အခြေခံပညာအထက်တန်း အောင်မြင်သူများအား ဒုတိယလေးလသင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။ ဒုတိယလေးလသင်တန်း အောင်မြင်ပြီးဆုံးပါက ကျွမ်းကျင်မှုလက်မှတ်ချီးမြှင့်ပေးမည့်အပြင် နည်းပညာတက္ကသိုလ်/ကောလိပ်များနှင့် ကွန်ပျူတာတက္ကသိုလ်/ကောလိပ်များတွင် အခြေခံကျွမ်းကျင်မှုသင်တန်း၌ သင်ယူခဲ့သည့် ဘာသာရပ်အတိုင်း ပထမနှစ်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည်။

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာနည်းပညာတက္ကသိုလ်/ကောလိပ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

စတုဘုမ္မိက တရားစခန်းပွဲ

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်သာယာလမ်း၊ ဇ/မြောက်ရပ်ကွက် စတုဘုမ္မိက မဂ္ဂင်ရိပ်သာတွင် ငှက်တွင်းဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာနနာယက ဘဒ္ဒန္တကုမာရ (သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူ၊ ကမ္မဋ္ဌာနာစရိယ) နှင့် စတုဘုမ္မိက သာသနာပြန့်ပွားရေး အကျိုးဆောင်အဖွဲ့တို့က ဧပြီ ၁၄ရက်မှ ၂၀ရက်အထိ တရားစခန်းဖွင့်မည်ဖြစ်ရာ ဝင်ရောက်အားထုတ်လိုသူများ ဦးအေးသိန်း ဖုန်း-၅၈၀၁၄၂၊ ဦးတင်အောင် ဖုန်း-၅၅၂၂၅၁၊ဦးဝင်းကြိုင် ဖုန်း-၅၇၁၉၂၉ တို့သို့ ဆက်သွယ်နိုင်ပြီး ယောဂီများ တစ်ရက်ကြိုတင် ရိပ်သာဝင်ကြရမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

တော်ဝင်မိသားစုကုမ္ပဏီ

တော်ဝင်မိသားစုကုမ္ပဏီမှ Furnitures များကိုအစဉ်ဝယ်ယူအားပေးနေကြသော
မိတ်ဆွေများအတွက် **နှစ်သစ်ကူးအထူးဈေးရောင်းပွဲတော်** ကို
(၂၀.၃.၂၀၀၇) မှ (၃၀.၄.၂၀၀၇)နေ့ထိ အထူး Discount နှုန်းထားများဖြင့်
ရောင်းချပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

Myanmar New Year Promotion
5% to 15% Discounts

" ပရိဘောဂအရောင်းခန်းမ "
အမှတ်(၆၅)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း– ၅၅၅၅၆၅

ရှောင်လေဝေးဝေး မူးယစ်ဆေး

ကျေးဇူးဆပ်ပါမည်
ကျွန်တော်၏ နိုင်ငံကူးလက်မှတ် (315354) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။
ဇော်သန်း
C/o - 095122570

MYOB COMPUTERISED ACCOUNTING
မတ်လ (၂၄)ရက်နေ့ စတင်မည်။
သင်တန်းများ စတင်လက်ခံနေပါပြီ။
Contact : U THURA SHEIN
PH: 09 5003499, 09 9971735, 705016

ကိုယ်ပိုင်ခြံဝင်းနှင့် နေလိုသူများအတွက် သတင်းထူး

စက်မှုမြို့တော် လှိုင်သာယာမြို့လယ်ကောင်မှ အဆင့်မြင့်အိမ်ရာတွင်
ခေတ်မီလှပသော လုံးချင်းနှစ်ထပ်တိုက်၊ အိပ်ခန်း (၄)ခန်းပါ နှစ် (၆၀) ဂရန်
ကိုယ့်စိတ်တိုင်းကျဆောက်နိုင်သော
(၄၀' × ၆၀' ၊ ၇၀' × ၇၀' ၊ ၁၀၀' × ၁၀၀') မြေကွက်များကို
အချိုသာဆုံးဈေးနှုန်းဖြင့် သတ်မှတ်ကာလအတွင်း ရောင်းချပေးပါမည်။

အောင်ဇေယျမြို့တော်၊ ကျွန်စစ်သားလမ်း၊ အောင်မြေသာယာဘုရားရှေ့ လှိုင်သာယာ၊
PHONE : (01) 705 733, 09 - 51 36 242

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၂၃၈)နေ ဦးသာညွန့်(EX-R/O)–ဒေါ်တင်ဖုန်း(ဆ–သ–ရ)(ငြိမ်း)တို့၏ သားငယ်၊ ကိုမျိုးကျော်သူ(2nd Mate F.G)၏ညီ၊ ကိုလင်းညွန့်မောင်(2nd Mate F.G)–မဝေမိုးလွင်(M.Sc Engineering Physics)တို့၏မောင်

ဒေါက်တာအောင်ကျော်သူ (M.B.,B.S, YGN)
အလုပ်သင်ဆရာဝန်(သဃ်န်းကျွန်း–စံပြ)အထွေထွေရောဂါကုဆေးရုံကြီး

နှင့်

မော်လမြိုင်မြို့၊ ဈေးချိုရပ်၊ တောင်ဝိုင်းလမ်း၊ အမှတ်(၃၂/A)(မေရိပ်ငြိမ်)နှင့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ အမှတ်(၁၉၉/၂)နေ ဦးမျိုးဝင်း(MEPE၊ငြိမ်း)–ဒေါ်ငွေငွေရီ(အလပြ–ငြိမ်း)တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာမေမျိုးမွန် (M.B.,B.S,YGN)
အလုပ်သင်ဆရာဝန်(သဃ်န်းကျွန်း–စံပြ)အထွေထွေရောဂါကုဆေးရုံကြီး

တို့သည် ၁၈–၃–၂၀၀၇နေ့တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

ဒေါက်တာအောင်ကျော်သူ–ဒေါက်တာမေမျိုးမွန်

ALPINE
Purified Drinking Water

၂၀၀၇ ခုနှစ်
မတ်လမှ စတင်၍ **Alpine** သောက်ရေသန့် များကို
လက်ရှိထုတ်လုပ်နေသော ဘူးများအပြင်
တိုးချဲ့စက်ရုံသစ်မှ
ဘူးအဝိုင်းအသွင်သစ်ဖြင့်
ထပ်မံတိုးချဲ့ထုတ်လုပ် ဖြန့်ဖြူးရောင်းချနေပြီ
ဖြစ်ပါကြောင်း **Alpine** ၏ ပရိသတ်များသို့
အသိပေးအပ်ပါသည်။

ISO 9001 : 2000

Alpine Promises **Health**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ဗန်းမော်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မိခင်နှင့်ရင်သွေး ကျန်းမာရေး ရိပ်မြုံ စီမံချက်အကောင်အထည် ဖော်ဆောင်ရွက်ရေး ဆိုင်ရာ အလှူငွေပေးအပ်ပွဲတွင် မြန်မာ နိုင်ငံ မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဗန်းမော်ခရိုင် မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံစီမံချက် အကောင်အထည်ဖော်ရေးအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် မတ် ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဗန်းမော်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ အလှူငွေပေးအပ်ပွဲကို မတ် ၁၀ ရက် ညနေ ၃နာရီတွင် ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ အတွင်းရေးမှူး ဒေါ်ဝေဝေသာ၊ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေက ခရိုင်၊ မြို့နယ်အသင်းခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး အသင်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဒေါ်ခင်ခင်ဝင်းက ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ သိကောင်းစရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်း အမှာစကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဒေါ်ဝေဝေသာက မိခင်နှင့် ရင်သွေး ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ရှင်းလင်းပြောကြားပြီးနောက် ဗန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံ ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ ဒေါ်နုနုဆွေက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ဆက်လက်၍ ဒေါက်တာဒေါ်ဝေဝေသာက ကျန်းမာရေးအသိပေး ပိုစတာကားချပ်များနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန် စက်ဘီးနှစ်စီးကို ပေးအပ်ခဲ့ရာ ဗန်းမော်ခရိုင် အသင်းဥက္ကဋ္ဌနှင့် ပြည်နယ် ကျန်းမာရေး ဦးစီးမှူးတို့က လက်ခံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒေါ်ခင်ခင်ဝင်းက အခမ်းအနားတက်ရောက်လာသူ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားများပြောကြားပြီး ဗန်းမော်ခရိုင် အသင်း၏ မိခင်နှင့်ရင်သွေး ကျန်းမာရေးရိပ်မြုံ အဆောက်အအုံ ဆောက်လုပ်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လှူဒါန်းပေးအပ်

ညနေပိုင်းတွင် ဒေါ်ခင်ခင်ဝင်းနှင့်အဖွဲ့ဝင်များသည် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာသို့သွားရောက်၍ အဘိုးအဘွား များအား အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုအားပေးပြီး မျက်စိဝေဒနာရှင်အဘိုး အဘွားများအတွက် မျက်မှန်များတပ်ဆင်လှူဒါန်းကာ အဘိုးအဘွား ၄၀ တို့အား ငွေကျပ် ၃၀၀၀စီနှင့် အားဆေးများ၊စားသောက်ဖွယ်ရာများကို လှူဒါန်းပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြစဉ်။ (သတင်း-၉) (သတင်းစဉ်)

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုခြင်းမရှိ စစ်ကိုင်းမြို့နယ်မှ ပါတီဝင်ငါးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မတ် ၁၈

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်သော တောင်ရင်းကျေးရွာရပ်ကျေး စည်းရုံးရေးမှူး ဦးမော်တော်၊ ဦးအောင်သန်း၊ ဦးဝင်းဆွေ၊ ဒေါ်နွယ်နွယ်ဝင်းနှင့် ဒေါ်ချိုချိုဝင်းတို့ ငါးဦးသည် ဖေဖော်ဝါရီ ၂၂ရက်တွင် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် ၎င်းတို့ သည် (NLD) ပါတီအပေါ် စိတ်ဝင်စားမှု မရှိတော့ကြောင်း၊ ပါတီ တာဝန်များကို ဆက်လက်ဆောင်ရွက်လိုခြင်းမရှိသည့်အတွက် ပါတီဝင် အဖြစ်မှ ၎င်းတို့၏ဆန္ဒအလျောက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

တောင်အမေရိက သစ်ခေါက်မှရသော ဓာတ်ပစ္စည်း မျက်စိကင်ဆာကို ကုသရာ၌ ထိရောက်နိုင်ဖွယ်ရှိ

ချီကာဂို မတ် ၁၇

ကလေးငယ်များတွင် တစ်ခါ တစ်ရံ အလွန်ရှားပါးသော ရတီနို ဘလပ်စ်တိုမာ (retinoblastoma) ခေါ် မျက်စိကင်ဆာရောဂါ ဖြစ်ပွားတတ်သည်။ တောင်အမေရိက ဒေသ၌ ပေါက်ရောက်သော အပင် တစ်မျိုး၏ အခေါက်မှ ထုတ်ယူ ရရှိသည့် ဓာတ်ပစ္စည်းဖြင့် ထို ရောဂါကို ကုသပေးပါက ရောဂါ ပျောက်ကင်း သက်သာသည်ကို တွေ့ရကြောင်း သုတေသီများက မတ် ၁၆ရက်တွင် ထုတ်ဖော် ပြောကြားသည်။ ယင်း မျက်စိ ကင်ဆာမျိုးသည် ကလေး၁၅၀၀၀ လျှင် တစ်ယောက်ခန့်ဖြစ်ပွားတတ် သည့် သဘာဝ ရှိသည်။

ယင်းရောဂါသည် မျက်စိ၏ မြင်လွှာဆဲလ်များ ချွတ်ယွင်းသော ကြောင့် ဖြစ်ပွားသော ရောဂါမျိုး ဖြစ်သည်။

ထိုရောဂါသည် အများစုကို ဖွံ့ဖြိုးဆဲနိုင်ငံများ၌ တွေ့ရလေ့ရှိပြီး အခြေအနေဆိုးရွားလျှင် အသက် ဆုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်း ကယ်လီဖိုးနီးယား တက္ကသိုလ်မှ

ကြေးမုံ The Mirror အင်တာနက် ကျန်းမာရေးသတင်း

သုတေသီ ဒေါက်တာ ဂျွန်အိုဘရိုင် ရင်က ပြောကြားသည်။ ၎င်းသည် ယခုသုတေသန လုပ်ငန်းကို ဦးဆောင် လေ့လာသူဖြစ်သည်။ ထိုမျက်စိကင်ဆာ ရောဂါသည် များသောအားဖြင့် အသက် ခြောက်နှစ်အောက် ကလေးများ တွင် ဖြစ်လေ့ရှိသည်။ အချိန်မီ ကုသခြင်းမပြုလုပ်ပါက နှစ်နှစ်မှ လေးနှစ်အတွင်းအသက်ပါ ဆုံးရှုံး နိုင်သည်။

ယင်းမျက်စိ ကင်ဆာရောဂါ ဖြစ်နေသည်ကို စောစီးစွာဖော်ထုတ် တွေ့ရှိပြီး ဓာတုဗေဒကုထုံး သို့မဟုတ် ဓာတ်ရောင်ခြည် ကုထုံး များဖြင့် ကုသပေးလျှင် ဝေဒနာ သည် ကလေး၉၀မှ ၉၅ရာခိုင်နှုန်း သည် အသက်ချမ်းသာရာရနိုင် သည်။ သို့ရာတွင် သမားရိုးကျ ကုသနည်းတွင် အားနည်းချက် မှာ ဆေးအတွက်လေးရသော ဘေးထွက် ဆိုးကျိုးရှိခြင်းပင် ဖြစ်သည်။

ဓာတုဗေဒကုထုံးဖြင့် ကုသရာမှ ဖြစ်ပေါ်လာနိုင်သော ဘေးထွက် ဆိုးကျိုးသည် အကြားအာရုံ ထိခိုက်ခြင်း၊ ကျောက်ကပ်ပျက်စီး နိုင်ခြင်းနှင့် သွေးကင်ဆာရောဂါ ပေါ်လာနိုင်ခြင်းပင် ဖြစ်သည်ဟု

စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❐